


# အပေါင်းအသင်း မလွဲပါစေနှင့်

ဟောကြားသည့်နေ့
၂၂-၆-၆၁

၂၇၇

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၂) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

THITSARPARAMI LIBRARY
Date ........................

# အပေါင်းအသင်းမလွဲပါစေနှင့်

ဟောကြားသည့်နေ့
(၂၂-၆-၆၁)

စာမူခွင့်ပြုချက်အမှတ် - ၁၈၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်သင်းသင်းကြိုင် (မြ-၀၃၉၄၅)
ဆန်းမြသီဂီပုံနှိပ်တိုက်
အမှတ် (၁၉၉)၊ ၅၁-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၄၂၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# "အပေါင်းအသင်းမလွဲပါစေနှင့်"

ဟောကြားသည့်နေ့(၂၂-၆-၆၁)

ဘာကြောင့်တုန်း. . . ဆိုတော့နောက်ဘဝကိုဝဒုက္ခသစ္စာလာဦးမှာပဲ. . . (လာမှာပါဘုရား) ဇာတိဇရာမရဏ လွတ်ပါ့မလား. . . (မလွတ်ပါဘုရား)။

## ဒုက္ခရောက်တဲ့ကုသိုလ်ရှိတယ်

ဇာတိ၊ ဇရာ၊ မရဏ မလွတ်တော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကော (မလွတ်ပါဘုရား) မလွတ်တော့ ဒီကုသိုလ် ကို ဒုက္ခရောက်တဲ့ ကုသိုလ်ကို ကောင်းတယ်လို့ ဆရာဘုန်းကြီး က ချီးမွမ်းပြီး မဟောနိုင်ပါဘူး. . . (မှန်ပါ့)။

ဒါဖြင့် ဒီကုသိုလ်သည်ကားလို့ဆိုရင်ဖြင့် ဒုက္ခရောက်တဲ့ကုသိုလ်ရှိတယ်၊ ဒုက္ခလွတ်တဲ့ကုသိုလ်ကော. . . (ရှိပါ

တယ်ဘုရား) ဩော်. . . ကုသိုလ်ကလဲ နှစ်မျိုး. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

**အပါယ်မရောက်တဲ့ အကုသိုလ်ရှိတယ်**

အကုသိုလ်ကလဲ အပါယ်ရောက်တဲ့ အကုသိုလ်၊ အပါယ် မရောက်တဲ့ အကုသိုလ်ရှိတယ်(မှန်ပါ့) သဘောပါကြပလား (ပါပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေမှာတဲ့၊ ဒီနှစ်မျိုးကို ကုသိုလ် လဲ စိုးရိမ်၊ တဲ့ကုသိုလ် ရှိပြီးသကာလနေတော့ ကုသိုလ်လဲ မေ...ဘို့. . . ခဏခဏပြောလို့ သိပါပြီ. . . (မှန်ပါ့) ဦး...တို့လဲ နားလည်ထားပါပြီ . . . (မှန်ပါ့)။

ကုသိုလ်... ကို... ဝ. . . ဒုက္ခရောက်တဲ့ ကုသိုလ်က ရှိ... ...း . . (မှန်ပါ့)။

အကု... ... ရှိတာပဲ၊ အပါယ်ရောက်တဲ့ အကုသိုလ်၊ အ... ...ာက်တဲ့ အကုသိုလ် ရှိတာပဲ။

ကုသိုလ်... နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်၊ နိဗ္ဗာန်ရောက်... ကု...ိုလ် ဘယ်နှစ်မျိုးရှိသတုန်း. . . (နှစ်...းရှိပါတယ်ဘုရား)။

နှ...မျိုးရှိ ဘယ်လို မှတ်ထားတော့ ဒီနေ့ပြောရမှာသည်

အားလုံး ဒကာဒကာမတွေ နားကြီးကြီးနဲ့ထောင်ပြီး. . . ရှင်းရှင်းကလေး မှတ်ပါနော်. . . (မှန်ပါ့)။

## သာမညဆိုရင်ဖော်နိုင်ဖို့မလွယ်ဘူး

ရှင်းရှင်းကလေး မှတ်ပါနော် ဒီဉစ္စာက သာမညဆိုလို့ ရှိရင် ကိုင်း. . . ဒီဉစ္စာ ဖော်နိုင်ဖို့တောင် မလွယ်ဘူး. . . (မလွယ်ပါဘုရား)။

မလွယ်ဘူး။ ဖော်နိုင်ဖို့ကို မလွယ်ဘူး၊ ဦးလှိုင်လည်း သေသေချာချာမှတ်စမ်းပါ၊ အဝေးကြီးက လာကြရတယ် နော်၊ ဒါကြောင့် အဖိုးတန်တာတွေကိုပဲ ဒကာဒကာမတွေကို သြော်. . . ဒို့ အနာရှိ ဆေးရှိတယ်ဆိုတဲ့အတိုင်း လုပ်ရမှာပဲ ဆိုတဲ့ ဉစ္စာနည်းမရတော့လဲ ကြောက်စရာမဟုတ်တာကိုလဲ ကြောက်၊ ကြောက်စရာဟုတ်တာကိုလဲ မကြောက်. . . (မှန်ပါ့)။

ဦးဘရှင်း ဒီလိုကော မဖြစ်တတ်ဘူးလား. . . (ဖြစ်တတ်ပါတယ်ဘုရား)။

ကြောက်စရာဟုတ်တာကျတော့ မကြောက်ပြန်ဘူး၊ ကြောက်စရာမဟုတ်တာကျတော့လဲ. . . (ကြောက်ပါတယ်ဘုရား)။

အဲဒီတော့. . . ကိုဝ. . . ဒါ. . . သိမှုလိုလို့ပေါ့

ဗျာ. . . (မှန်ပါ့ဘုရား)။

ကိုပေါ် ဘယ်လိုမှတ်ကြမယ်. . . (သိမှုလိုလို့ပါ ဘုရား)

နောက်က ဒကာဒကာမတွေကော. . . (သိမှုလိုလို့ ပါဘုရား)။

## သက်ကြီးစကားသက်ငယ်ကြား

သိမှုလိုတယ်တဲ့၊ ခွဲခြမ်းဝေဖန်တတ်တဲ့ ဆရာ ကောင်း သမားကောင်းကို မတွေ့သေးသရွေ့ ကာလပတ် လုံးဟာဖြင့် မိဘရိုးရာနဲ့ပဲ သက်ကြီးစကား သက်ငယ်ကြား ဆိုပြီးသကာလ ဒကာကြီးလှိုင် ဒါနဲ့အချိန်ကုန်သွားကြတာ ပဲ. . . (မှန်ပါ့)။

အဲဒါကျတော့ ကိုယ့်လက်ထက်မှ ထိုးထွင်းပေးမည့် ခေါင်းဆောင်ကောင်းက မရှိတော့ ကိုဝရေ. . . မကြောက် သင့်တာကြောက်၊ ကြောက်သင့်တာ မကြောက် ဒီလိုမဖြစ် ကြဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါလေးတွေကို ယနေ့ သေသေချာချာ ပြောပါ့ မယ် ဒကာဒကာမတို့ နားကြီးကြီးနဲ့သာ ဘယ်မှအာရုံမသွား ဘဲနဲ့ နားထောင်ပြီးသကာလ ဩော်. . . ဒီလိုလုပ်ရင် ဒီလို ဖြစ်တယ်ဆိုတာကလေးဟာ ဦးဘရှင်း ရှင်းတော့မယ်. . .

(မှန်ပါ့)။

အဲဒီတော့ကိုတဲ့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောခဲ့ပါမယ်ကွာ. . . တဲ့ မင်းတို့ကို အကုသိုလ်လဲ ခုနင်က ပြောခဲ့တဲ့အတိုင်း အပါယ်ကျတာလဲရှိတယ်၊ မကျတာလဲ ရှိတယ်၊ ကုသိုလ်လဲ ဒုက္ခရောက်တဲ့ ကုသိုလ်လဲရှိတယ် ဒုက္ခ လွတ်တဲ့ ကုသိုလ်လဲ. . . (ရှိပါတယ်ဘုရား)၊ အဲဒါ အပေါင်း အသင်းလွဲနေလို့ ဖြစ်ပါတယ်ကွာ. . . တဲ့. . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘာလွဲနေပါလိမ့်. . . (အပေါင်း အသင်းလွဲနေလို့ပါဘုရား)။

## အပေါင်းအသင်းဆိုတာ

အပေါင်းအသင်းဆိုတာက လူ-လူချင်း ပေါင်းတာ ယောက်ျားနဲ့မိန်းမပေါင်းတာ ဒကာကြီးလှိုင်. . . ဒါက မဆို လိုပါဘူး၊ ကိုယ့်အတွင်းမှာ ပရမတ်နဲ့ ပေါင်းသင်းတာကို ဆိုမယ်ကွ. . . တဲ့ ငါဘုရားကနော်တဲ့. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဘာနဲ့ပေါင်းသင်းရမှာတုန်းလို့ မေး တဲ့အခါကျတော့ **'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ'** သဒ္ဓါ တရားနဲ့ပေါင်းပေးကွ. . . တဲ့. . . (မှန်ပါ့)။

## သဒ္ဓါတရားဆိုတာ

သဒ္ဓါတရားဆိုတော့ ဒကာဒကာမတွေက ဘာမှတ်လိုက်သတုန်းဆိုတော့ သဒ္ဓါတရားဆိုတော့ သဒ္ဓါတရားဆိုတာ ဩော်. . . ဘယ်သူက တယ်သဒ္ဓါတရား ကောင်းတာပဲဆိုတော့ လှူမှုတန်းမှုကို မှတ်နေတယ်. . . (မှန်ပါ့) မဟုတ်ဘူး၊ အခုပေါင်းရမည့် သဒ္ဓါတရားက ဒါမှမဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့လေးလေးစားစားမှတ်ပါနော်. . . (မှန်ပါ့)။

ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မြတ်စွာဘုရားအပေါ်၌လည်းကောင်း၊တရားအပေါ်၌လည်းကောင်း ယုံကြည်မှုကို ဒါ. . . . သဒ္ဓါဆိုပါတယ်. . . (မှန်ပါ့) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

## ဘုရားအပေါ်၌ယုံကြည်မှု

ဘုရားသဗ္ဗညုတဉာဏ်တော်နဲ့ ဟောထားတာကို ယုံကြည်မှု. . . (မှန်ပါ့)။

တရားက လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးနိုင်တယ်ဆိုတာကို ရှေးပြီးသကာလ ယုံကြည်ဖို့. . . (မှန်ပါ့)၊ မောင်နိုင်ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ပေးဖို့၊ လှူဖို့၊ ကမ်းဖို့ကို သဒ္ဓါတရား ကောင်းတယ်လို့ ကိုဝတို့က တစ်ချက်တည်းယူထားတာကိုး၊ သဒ္ဓါ

ဆိုတာက ဒါမှမဟုတ်ဘဲ. . . (မှန်ပါ့) ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ယုံကြည်မှု. . . (မှန်ပါ့)။

## တရားတော်အပေါ်၌ယုံကြည်မှု

တရားတော်၏ ကိလေသာသတ်တဲ့ ဂုဏ်စွမ်းရည် သတ္တိကိုယုံကြည်မှု. . . (မှန်ပါ့)၊ မောင်နိုင်သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် သဒ္ဓါသည် ပေးကမ်းတာလား၊ ယုံကြည်မှု လား (ယုံကြည်မှုပါဘုရား)။

အဲဒါ အရင်ပေါင်းရမယ်ဟော့. . . သဒ္ဓါနဲ့ အရင် ပေါင်းပါတဲ့. . . (မှန်ပါ့)။

ဒကာကြီးလှိုင်. . . ဘာနဲ့ပေါင်းရမှာလဲ (သဒ္ဓါနဲ့ အရင်ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါနဲ့ပေါင်းတော့ သဒ္ဓါဆိုတာဟာ ဘယ်လိုစွမ်း ရည်သတ္တိရှိပါလိမ့်မလဲလို့ ဒကာဒကာမတွေက မေးတော့ ဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောထားတာ သဗ္ဗညုတဉာဏ်တော်ကြီးဟာ အကုန်သိတယ်ဆိုတာ ယုံ ကြည်တယ်. . . (မှန်ပါ့)ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

သဗ္ဗညုတဉာဏ်တော်ကြီးဟာ (အကုန်သိပါတယ် ဘုရား)၊ အကုန်သိတယ်ဆိုတာ သူ့အပေါ်ယုံကြည်ရမယ်

. . . (မှန်ပါ့)။

ပြီးတော့ သူဟောထားတဲ့ တရားတွေဟာအင်း. . . ချမ်းသာသုံးမျိုးကိုပေးနိုင်တယ်၊ ဒို့. . . ကျင့်ကြံရင် ချမ်းသာသုံးမျိုးကိုပေးနိုင်တယ်ဆိုတာ ယုံကြည့်မှုပေ့ါဗျာ. . . (မှန်ပါ့)။

ဒါ. . . ဘယ်သူ့ကိစ္စတုန်းမေးရင် ဒကာဒကာမတွေက ဘယ့်နှယ်ဖြေကြပ့ါမလဲ၊ သဒ္ဓါ၏ကိစ္စ. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဘယ်သူ့ကိစ္စပါလိမ့်. . . (သဒ္ဓါ၏ကိစ္စပါဘုရား)၊ သဒ္ဓါကိစ္စဆိုတာဖြင့် ရှင်းကြပလား. . . (ရှင်းပါပြီ)။

အဲဒါကိုဖြင့် ဒီတရားကြပ်ကြပ်ပေါင်းပါနော်. . . (မှန်ပါ့) ဘုရားအပေါ်၌ သဗ္ဗညုတဉာဏ်ပေါ်၌ ယုံကြည်မှု၊ တရားအပေါ်၌ယုံကြည်မှု၊ အရိယာ သံဃာတွေအပေါ်၌ ယုံကြည်မှုဒါ ပေါင်းထားပါ. . . (မှန်ပါ့)၊ ဒါကို ပေါင်းထားလို့ ရှိရင်တဲ့ ဘုရားအပေါ်ကို မတုန်မလှုပ် ယုံကြည်လို့ရှိရင် မောင်နိုင်. . . အပါယ်သွားတဲ့တရားဟာ အကုန်ပယ်တယ် . . . (မှန်ပါ့)။

ဘုရားအပေါ်၌ မတုန်မလှုပ်ယုံကြည်ရင်. . . (အပါယ်သွားတဲ့တရား ပယ်ပါတယ်ဘုရား) လောဘတော့ ကျန်ရစ်တာပဲ၊ အပါယ်သွားမည့် လောဘတော့ ကုန်တာပဲ . . . (မှန်ပါ့)။

ယုံကြည်မှုသဒ္ဓါကြောင့်. . . (မှန်ပါ့) ဒကာကြီးလိုင်ဒါဖြင့် အပေါင်းအသင်းဟာတယ်အရေးကြီးပါကလား. . . (ကြီးပါတယ်ဘုရား)။

## ယုံကြည်မှုသဒ္ဓါနှင့်ပေါင်းပါ

ပစ္စုပ္ပန် လူ-လူချင်းပေါင်းတာ ယောကျ်ားနဲ့မိန်းမပေါင်းတာ။ သဒ္ဓါနှင့်ပေါင်းဖို့ဆိုသလား (သဒ္ဓါနဲ့ပေါင်းဖို့ဆိုပါတယ်ဘုရား)။

အဲဒီတော့ **'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ'**

သဒ္ဓါဒုတိယာ = သဒ္ဓါတည်းဟူသော တစ်ယောက်နဲ့၊ ပုရိသဿ=ယောကျ်ားမှာ သဒ္ဓါတည်းဟူသော အဖော်တစ်ယောက်နဲ့ ပေါင်းစမ်းပါတဲ့. . . (မှန်ပါ့)။

ဒကာဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဘာနဲ့ ပေါင်းရမှာတုန်း. . . (သဒ္ဓါနဲ့ပေါင်းရမှာပါဘုရား)။

အဲ သဒ္ဓါတည်းဟူသော အဖော်တစ်ယောက်နဲ့ပေါင်းစမ်းပါကွာ. . . တဲ့၊ မောင်နိုင် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

နို့. . . ဒီတစ်ယောက်ပဲလားဘုရား. . . ဆိုတော့ သဒ္ဓါနဲ့ပေါင်းလို့ရှိရင်**'ပညာစေနံ ပသာသတိ'** သဒ္ဓါနဲ့ပေါင်းပြီး သကာလ ယုံကြည်ပြီဆိုမှဖြင့်ကွာ-တဲ့-ပညာနဲ့ တစ်ခါ

ပေါင်းပြီးသကာလ ခန္ဓာကိုယ်ကြည့်တာပေါ့တဲ့. . . (မှန်ပါ့)။

သဒ္ဓါနဲ့ယုံကြည်ပြီး ဘုရားက ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါးပါးရှိတယ်၊ အဖြစ်အပျက်မှတစ်ပါးဘာမှမရှိဘူး (မှန်ပါ့) ဘုရားကဟောထားတယ်. . . (မှန်ပါ့)။

အဲဒါ မောင်နိုင်တို့က ဘာလုပ်မလဲ. . . (ယုံကြည်ရပါမယ်ဘုရား)ယုံကြည်ပြီးတော့မှ ဒါကေန်ရှိ၊ တကယ်ရှိလို့ ဒကာဒကာမတွေက ယုံကြည်လိုက်စမ်းပါ. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ပညာနဲ့အဖော်လုပ်လိုက်ပါ

ယုံကြည်ပြီးသကာလမှ ပညာနဲ့တစ်ခါ ဆက်ပေါင်းလိုက်ပါ၊ ကိုဝနဲ့ ပညာနဲ့ အဖော်လုပ်လိုက်. . . (မှန်ပါ့) ကိုပေါ်နဲ့ ပညာနဲ့. . . (အဖော်လုပ်ရပါမယ်ဘုရား)။

အဖော်လုပ်လိုက်တဲ့အခါကျတော့ နဂိုကယုံကြည်ထားတဲ့ သဒ္ဓါကလဲ ထက်သန်ပြန်၊ ပညာကဆိုတာ **'ပညာစေနံ ပဿာသတိ'**၊ ပညာစ=ပညာသည်ကား၊ နေံ=ထိုယောက်ျားကို၊ ပဿာသတိ =အမှန်သိမြင်အောင် ဆုံးမ၏။ အင်း. . . သဒ္ဓါက နဂိုကရှိမှန်းသိတာကို ယုံကြည်ထားတော့ ပညာနဲ့ကြည့်လိုက်တဲ့အခါကျတော့ မောင်နိုင် ခန္ဓာတို့၏ ဖြစ်ပျက်တွေ့-မတွေ့. . . (တွေ့ပါတယ်ဘုရား) နဂိုက

မယုံကြည်ရင်တော့. . . (မတွေ့ပါဘုရား)။

ဒါဖြင့် ဒီလိုနှစ်ယောက်နဲ့ ကိုပေါ်တို့ ကိုဝတို့က အဖော်လုပ်စမ်းပါ. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒကာဒကာမတို့ ဘယ်လူနဲ့ အဖော်လုပ်ရမှာတုန်း . . . (သဒ္ဓါနဲ့ပညာပါ) အေး. . . ဒါ သံယုတ် ပါဠိတော်ကြီးမှာ သေသေချာချာကိုယ်တော်တိုင် မင်းတို့အကုသိုလ်တွေ ကြောက်နေလို့ရှိရင် အပေါင်းလွဲလို့သာ ကြောက်တာပေါ့ကွာ၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အပေါင်းလွဲလို့ ရှိရင်ဖြင့် မင်းတို့သည်ကား. . . လို့ ဆိုရင် အကုသိုလ်တိုင်း၊ ကြောက်ရမယ်လို့ ငါဘုရားလဲ မဟောပါဘူး(မှန်ပါ့)။

အပါယ်သွားတဲ့ အကုသိုလ်တော့ ကြောက်ရမှာပေါ့ဗျာ. . . အပါယ်မသွားတဲ့ အကုသိုလ်က ရှိနေတယ်၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## အဖော်နှစ်ယောက်ထားပေးပါ

ကဲ. . . ဒါဖြင့် 'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ ပညာစေနံပသာ သတိ'တဲ့၊ သဒ္ဓါတည်းဟူသော တရားနဲ့ ရှေးဦးစွာပေါင်းပြီး၊ ပညာနဲ့တစ်ခါ ပြန်ပြီးသကာလ ဒကာ

ဒကာမတွေက တွဲပေါင်းလိုက်ပါ. . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ အဖော်နှစ်ယောက်ထားပေး. . . (မှန်ပါ့ဘုရား)။

ဒကာကြီးလိုင် အဖော်ဘယ်နှစ်ယောက် ထားရမလဲ . . . (နှစ်ယောက်ထားရပါမယ်ဘုရား)၊ သဒ္ဓါရယ်၊ ပညာရယ်၊ အဖော်လုပ်လိုက်စမ်းပါ (မှန်ပါ့)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

**'သဒ္ဓါ ဒုတိယာ ပုရိသဿဟောတိ ပညာစေနံ ပသာသတိ'** သဒ္ဓါတည်းဟူသော မိတ်ဆွေကောင်းတစ်ယောက် ပညာတည်းဟူသော အဖော်ကောင်းတစ်ယောက် ဒီနှစ်ယောက်နဲ့ ကိုဝတို့က ပေါင်း၊ ကိုယ်ပေါ်တို့က ပေါင်းနော် (မှန်ပါ့)။

## ခန္ဓာငါးပါးဟာဖြစ်ပြီးပျက်နေတယ်

သဒ္ဓါက ယုံကြည်နော်. . . (မှန်ပါ့) ဘုရားက သူကိုယ်တိုင်သိပြီး မင်းတို့မှာ ခန္ဓာငါးပါးရှိတယ်၊ အဲဒီ ခန္ဓာငါးပါးဟာ ဖြစ်ပြီးပျက်နေတာကွ၊ ဝေဒနာကြည့်လဲဖြစ်ပျက်၊ မင်းတွေ့မယ်၊ သညာကြည့်လဲဖြစ်ပျက်ပဲဆိုတော့ သဒ္ဓါက အဟုတ် ယုံထားလိုက်. . . (မှန်ပါ့)။

အဟုတ်ယုံပြီးသကာလ သူကတော့ ယုံတတ်တာပဲ

ရှိတယ်၊ မြင်တတ်တာတော့ မပါဘူး. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ယုံတတ်တာတော့. . . (ရှိပါတယ်ဘုရား) မြင်တတ်တာတော့. . . (မပါပါဘုရား)။

မြင်တတ်တာတော့ **'ပညာစေနံပသာသတိ'** ကိုး၊ ပညာစေနံပသာသတိ ပညာက ထိုယောက်ျားကိုလဲ လိမ္မာအောင်ဆုံးမ၏။ သဒ္ဓါယုံကြည်တဲ့ တရားတွေကိုလဲ သိ၏။ သဒ္ဓါက ခန္ဓာငါးပါးထဲမှာဖြစ်ပျက်ပဲရှိတယ်၊ ခန္ဓာထဲမှာ ငါးပါး-ငါးပါးဟာ ဖြစ်ပျက်ပဲရှိတယ်ဆိုပြီး သကာလ ပညာကနေပြီး မောင်နိုင်ကကြည့်ပေးပါ၊ ပညာနဲ့ကြည့်ပေးပါနော် . . . (မှန်ပါ့)။

**'နိဗ္ဗာနာဘိရတော မစ္စော'** အဲဒါဟာကွာ. . . တဲ့၊ ဒီနှစ်ခုပေါင်းမိလို့ရှိရင်ဖြင့် ဒီသတ္တဝါဟာတဲ့၊ နိဗ္ဗာန်မြင်ပါလိမ့်မယ်တဲ့ (မှန်ပါ) နိဗ္ဗာနာဘိရတော=နိဗ္ဗာန်၌မွေ့လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်လာတယ်ကွတဲ့. . . သူတို့နှစ်ခုနဲ့ပေါင်းတာ. . . (မှန်ပါ့)။

## ပထမနိဗ္ဗာန်မြင်လာတယ်

ပထမနိဗ္ဗာန်နဲ့ ဦးဘကလေး အပေါင်းအသင်းဖြစ်လာတယ်. . . (မှန်ပါ့)၊ သဒ္ဓါနဲ့ပညာနဲ့ ပေါင်းလိုက်တာနဲ့ပဲ ဒကာဒကာမတို့ ပထမနိဗ္ဗာန်မြင်လာတယ်. . . (မှန်ပါ့)။

အဲ့ဒီကျတော့ ဘယ်လိုဟောသလဲ. . . **သဗ္ဗဒုက္ခာ ပမုစ္စရ'** တဲ့၊ ကွာ. . . မင်းအပါယ်ဒုက္ခလောက် မဆိုပါနဲ့ အလုံးစုံ ဒုက္ခတောင် ရှင်းပါတယ်၊ ဒီနှစ်ယောက်သာ ပေါင်းကြည့်စမ်းပါတဲ့၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်နှစ်ယောက်ပေါင်းရမှာတုန်း. . . (နှစ်ယောက်ပေါင်းရမှာပါဘုရား) နှစ်ယောက်ပေါင်းလိုက်စမ်းပါတဲ့။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘာနဲ့ပေါင်းကြမယ်. . . (သဒ္ဓါနဲ့ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

ရှေးဦးစွာ ဘယ်သူ့ကို လက်ကိုင်ထားရမလဲ. . . (သဒ္ဓါလက်ကိုင်ထားရပါမယ်ဘုရား) အဲ. . . သဒ္ဓါ လက်ကိုင်ထားပြီး ဘယ်သူ့ကို အဖော်ပြုန်လုပ်ရမယ်. . . (ပညာကို အဖော်ပြုန်လုပ်ရပါမယ်ဘုရား)။

ကဲ. . . သဒ္ဓါက ခန္ဓာငါးပါးရှိတယ် ယုံကြည်နော်(မှန်ပါ့) ဒီခန္ဓာငါးပါးဟာ အနိစ္စမှတစ်ပါး (ဝါ) ဖြစ်ပျက်မှတစ်ပါး ဘာမှမရှိဘူးလို့ မမြင်ဘဲနဲ့ ယုံကြည်ထားလိုက်မောင်နိုင်. . . (မှန်ပါ့) ဘုရားဟောမို့။

**ဘုရားအပေါ်မှာ ယုံကြည်လိုက်စမ်းပါ**

ဘုရားအပေါ်မှာ တစ်ခါတည်း မတုန်မလှုပ် ယုံ

ကြည်ထားလိုက်စမ်းပါ. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

မတုန်မလှုပ် ယုံကြည်ထားပြီးသကာလ ထားလိုက်တဲ့အခါကျတော့ အဲဒီယုံကြည်တဲ့နောက်ကနေပြီး သကာလ မောင်နိုင်. . . ပညာကိုတစ်ခါအဖော်လုပ်လိုက်. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့အဖော်လုပ်မယ်. . . (ပညာအဖော်လုပ်ရပါမယ်ဘုရား)ပညာအဖော် လုပ်လိုက်တဲ့အခါကျတော့ ယုံကြည်ပြီးသား လူလဲဖြစ်ပြန်၊ ပညာကလဲ အရှိကိုသိပြန်ဆိုတော့ ကိုပေါ်တို့ ကိုဝတို့ဖြစ်ပျက်မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)။

တွေ့ကတည်းကိုကတဲ့ ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ်တွေ့ပြီကွာတဲ့. . . (မှန်ပါ့)။

မောင်နိုင် ဘာတွေ့တာတုန်း. . . (ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကိုယ်တွေ့တာပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပဒ် ကိုယ်တွေ့ပြီဆိုတော့အင်း. . . . လောဘကလေးဖြစ်လာလဲ လောဘကို ဘုရားက မင်းတို့ဝမ်းထဲမှာ ခန္ဓာထဲ အဲဒါ သင်္ခါရက္ခန္ဓာပဲပေါ့၊ အဲဒါ သင်္ခါရက္ခန္ဓာကို သဒ္ဓါကယုံကြည်ထားတယ်၊ သင်္ခါရက္ခန္ဓာ ရှိတယ်ဆိုတာ ခန္ဓာငါးပါးကို သင်္ခါရက္ခန္ဓာ အပါအဝင်ပေါ့လေ. . .

(မှန်ပါ့) ရှိတယ်ဆိုတာ ယုံကြည်မထားဘူးလား. . . (ယုံကြည်ပါတယ်ဘုရား)။

## ကျောက်ဝယ်ချင်တဲ့ လောဘကလေး

ယုံကြည်ထားတော့ ဒကာဒကာမတွေက ကျောက်ကလေး ဝယ်ချင်တဲ့လောဘကလေး ဖြစ်လာတယ်၊ မသိပေဘူးလား. . . (သိပါတယ်ဘုရား)။

သိလာတဲ့အခါကျတော့ လောဘဖြစ်နေတုန်း သိတာလား၊ လောဘချုပ်ပြီးမှ သိတာလား. . . (လောဘချုပ်ပြီးမှ သိတာပါဘုရား)။

ဟာ. . . ဒါဖြင့် ကိုဝ. . . ဖြစ်ပျက်နဲ့မဂ်နဲ့ သွားကိုက်တယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုကိုက်ပါလိမ့်. . . (ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါတယ်ဘုရား)။

## ဖြစ်ပျက်နဲ့မဂ်နဲ့သွားကိုက်တယ်

ဖြစ်ပျက်နဲ့မဂ်နဲ့သွားကိုက်တယ်၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်လိုက်တဲ့အခါကျတော့ ခုနင်က လောဘသည် နဂိုက ကျုပ်တို့ကို နှိပ်စက်မလို့ လာတာပဲ. . . (မှန်ပါ့) သို့သော် ကျုပ်တို့က သူ့ကို လောဘမယူတော့ဘူး။ ဘုရား

အပေါ် ယုံကြည်လိုက်တယ်. . . (မှန်ပါ)၊ လောဘဟာ နာမည်သာ လောဘ ကျုပ်တို့ကြည့်တော့ ဖြစ်ပျက်. . . (မှန်ပါ)၊ ကျုပ်တို့ကြည့်တော့ အနိစ္စ သွားဖြစ်တယ်. . .။

ကိုယ်တိုင်ကြည့်လိုက်တော့ ဘာဖြစ်ကြသလဲ. . . (အနိစ္စဖြစ်ပါတယ်ဘုရား)။

ကိုယ်တိုင်ကြည့်လိုက်တော့ အနိစ္စသွားဖြစ်တော့ အနိစ္စကဖြင့် ကိုဝ အပါယ်မပို့ဘူးနော်. . . (မပို့ပါဘုရား)၊ လောဘသက်သက်အတိုင်း နေရလို့ရှိရင်. . . (ပို့ပါတယ် ဘုရား)။

## လောဘပေမယ့် ကြောက်စရာမရှိ

ဒါ့ဖြင့် လောဘပေမယ့် ကြောက်စရာရှိရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့် အရှင်ဘုရား. . . တပည့်တော်တို့ သဒ္ဒါ ယုံကြည်ချက်က မင်းတို့သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ လောဘပေါ်လိမ့်မယ်ကွာ၊ တဏှာပေါ်လိမ့်မယ်၊ ဥပါဒါန် ပေါ်လိမ့်မယ်၊ ကံပေါ်လိမ့်မယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကလဲ ရှိလျက်မဟုတ်လား. . . (ရှိလျက်ပါဘုရား)၊ ယုံကော ယုံ ကြည်ရဲ့လား. . . (ယုံကြည်ပါတယ်ဘုရား) ဒီအစီအစဉ် တိုင်းကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီတော့ လာတဲ့အခါကျတော့ ဒကာ ဒကာမတွေက လောဘလာတယ်။ အင်း. . . ဒါ ဘုရားဟော်တော်မူတဲ့ အတိုင်း ဘုရားယုံကြည်တဲ့အတိုင်း မင်းတို့ ခန္ဓာတစ်ခု ပေါ်သတဲ့။ ဝိညာဏက္ခန္ဓာဆိုတဲ့ လောဘစိတ်ပေါ်သတဲ့. . . ထားလိုက်ပါတော့. . . မောင်နိုင်နော်. . . (မှန်ပါ့)ဆိုတော့ ယုံကြည်တဲ့အတွက်ကော. . . ဘုရားဟော ယုံကြည်တဲ့ အတွက် ပေါ်တာကိုကော ကျုပ်တို့မသိဘူးလား. . . (သိပါတယ်ဘုရား)

ရှိတာပေါ်တာပဲလို့ မယုံကြည်ပေဘူးလား. . . (ယုံကြည်ပါတယ်ဘုရား)ယုံကြည်တဲ့ အချိန်ကျလို့ရှိရင် ပညာနဲ့ တစ်ခါပြန်ပေါင်းလိုက်. . . ဦးဘရှင်းက. . . (မှန်ပါ့)။

## ပညာနဲ့ကြည့်လိုက်တယ်

ပညာနဲ့ ပြန်ပေါင်းလိုက်တဲ့ အခါကျတော့ကိုတဲ့ ပညာနဲ့ကြည့်လိုက်တာပေါ့. . . (မှန်ပါ့) ခုနင်က ပေါ်တဲ့ လောဘကိုကြည့်လိုက်တော့ ပညာပေါ်နေတော့ လောဘ ရှိသေးရဲ့လား (မရှိပါဘုရား)။

မရှိတော့ ပညာနဲ့ဘာနဲ့ သွားတွေ့သတုန်းဆိုတော့ မရှိတာနဲ့ပညာနဲ့သွားတွေ့တယ်. . . (မှန်ပါ့)။

ဒကာကြီးလှိုင်. . . (မရှိတာနဲ့ ပညာနဲ့ သွားတွေ့ပါ

တယ်ဘုရား)။

မရှိတာနဲ့ ပညာနဲ့သွားတွေ့တယ်၊ မရှိတာက အနိစ္စ၊ ပညာက မဂ္ဂသွားဖြစ်တယ်. . . (မှန်ပါ့) မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## ပညာက မဂ္ဂဖြစ်သွားတယ်

မရှိတာက. . . (အနိစ္စပါဘုရား)ပညာက. . . (မဂ္ဂပါဘုရား)။

ဒါဖြင့် ဒီလောကသည်၊ ကဲ. . . ကိုဝတို့ပဲ ခင်ဗျားတို့ ခုံတင်ပါ့မယ် လူကြီးပိုင်းကို. . . အပါယ်ပို့ပါဦးမလား. . . (မပို့ပါဘုရား)။

လောဘအဖြစ်နဲ့ဆိုရင်. . . (မှန်ပါ့) ကျုပ်တို့က လောဘအဖြစ်နဲ့ သူ့ကိုမြင်သလားတဲ့။ ပညာနဲ့ပေါင်းလိုက်တဲ့အခါကျတော့ အနိစ္စအဖြစ်နဲ့ သွားမြင်သလား. . . (အနိစ္စအဖြစ်နဲ့သွားမြင်ပါတယ်) သေချာပလား. . . (သေချာပါပြီဘုရား)။

အဲဒီတော့ ဘုရားကလဲ မဟောဘူးလားလို့ မေးတဲ့အခါကျတော့ **'သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ'** မင်းသိအောင်လုပ်တဲ့. . . (မှန်ပါ့) အဲဒီ ပါဠိတော်နဲ့ကော ကိုပေါ်. . . ကိုဝ. . . ကိုက်ရဲ့လား. . .

(ကိုက်ပါတယ်ဘုရား)။

သရာဂံ ဝါ စိတ္တံ = လောဘစိတ်ကို၊ သရာဂံစိတ္တန္တိ= လောဘစိတ်ဟူ၍ ပဇာနာတိ=မင်းသိအောင်လုပ်တဲ့ (မှန်ပါ့) မင်းပညာနဲ့ သိအောင်လုပ်။

သိအောင်လုပ်လိုက်တော့ မောင်နိုင်. . . လောဘစိတ် သိတာလား၊ ပညာပေါ်လာတဲ့အချိန် အနိစ္စသိတာလား. . . (အနိစ္စသိတာပါဘုရား)။

ဒါဖြင့် ကိုပေါ်က ဆုံးဖြတ်ချက်ချ၊ ကိုဝတို့က လူကြီးတွေ ဆုံးဖြတ်ချက်ချကြ၊ အနိစ္စကဖြင့် ကျုပ်တို့ကို ဘယ်နည်းနဲ့မှအပါယ်ပို့ပါ့မလား. . . (မပို့ပါဘုရား) လောဘဖြစ်ခဲ့သော် (ပို့မှာပါဘုရား)။

## နိဗ္ဗာန်ပို့တဲ့လောဘ

ဒီတော့ ကျုပ်တို့မှာ သဒ္ဓါ-ပညာနှစ်ခုနဲ့ ပေါင်းလိုက်တဲ့အတွက် ဒီလောဘဟာ အပါယ်ကျတဲ့ လောဘတဲ့. . . ဆိုကြမလား. . . (မဆိုနိုင်ပါဘုရား)။ အင်း. . . နိဗ္ဗာန်ပို့တဲ့ လောဘမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့မှာ အပေါင်းအသင်း မှားလို့သာ သဒ္ဓါပညာနဲ့မပေါင်းမိလို့သာ လောဘက နေပြီးသကာလ

လောဘက တဏှာထားပါတော့၊ တဏှာကနေပြီး ဥပါဒါန် ကျေးဇူးပြုတယ်-(မှန်ပါ့) ကျုပ်တို့ သဒ္ဓါပညာနဲ့ မပေါင်းမိဘဲ ကိုး. . . (မှန်ပါ့)။

ဥပါဒါန် ကျေးဇူးပြုလိုက်တော့ ဥပါဒါန်ကနေ ကံကို ကျေးဇူးပြုလိုက်တယ်. . . (မှန်ပါ့) ကံကနေပြီး ကျေးဇူးပြု လိုက်တော့ ကမ္မဘဝ ပစ္စယာ ဇာတိဆိုပြီး အပါယ်ဇာတိကြီး ပေါ်-ပေါ်လာတယ်. . . (မှန်ပါ့)။

ဒါဘယ်နှယ်ကြောင့် ဒကာဒကာမတွေ ဒီဥစ္စာဖြစ် ပေါ်လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ယနေ့အဖြေ ထွက်ပါပြီ. . . (ထွက်ပါပြီဘုရား) အင်း. . . အပေါင်းလွဲလို့ (မှန်ပါ့ အပေါင်းလွဲလို့ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

အင်း. . . ယခုတော့ဖြင့် ဆရာဘုန်းကြီးက ဒါနှစ်ခု ကို မင်းတို့ရှေးဦးစွာ ပေါင်းပါလို့ဆိုတဲ့အပေါင်းလဲတဲ့အတွက် ရန်သူက မိတ်ဆွေဖြစ်ပြီး ရှက်ဆောင်သွားတယ်. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ရန်သူက မိတ်ဆွေဖြစ်ပြီး ရှက် ဆောင်သွားပါတယ်ဘုရား) ရှင်းရဲ့လား. . . (ရှင်းပါတယ် ဘုရား)။

**သဒ္ဓါနဲ့ပညာနဲ့ပေါင်းပြီးကြည့်**

ဘယ်ပါဠိတော်မှာ လာသတုံးလို့ မေးတဲ့အခါကျ တော့ သံယုတ်ပါဠိတော်က သဒ္ဓါဒုသိယာ ပုရိသဿဟော တိ= သဒ္ဓါတည်းဟူသော အဖော်တစ်ယောက်နဲ့ မင်းတို့နေ စမ်းပါကွ. . . တဲ့၊ **ပညာစေနံ ပသာသတိ** . . . တဲ့၊ အဲဒီ ပညာနဲ့ ဒီသဒ္ဓါနဲ့ပေါင်းပြီးသကာလ ပညာနဲ့မင်းတို့ ကြည့် ကြည့် ပေးလိုက်စမ်းပါတဲ့၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

အဲဒီလိုဆိုရင် **နိဗ္ဗာနာဘိရတောမစ္စောတဲ့**. . .၊ နိဗ္ဗာန်၌ မွေ့လျော်တဲ့ မစ္စဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက် လာဖြစ် တယ်ကွာ. . . တဲ့၊ ဟုတ်လား. . . (မှန်ပါ့)။

**သဗ္ဗဒုက္ခာ ပမုစ္စတိ**. . . တဲ့၊ မင်း အဲဒီ လောဘ ကြောင့်ကိုပဲ လောဘဖြစ်ပျက်ကိုသိလို့ နိဗ္ဗာန်ရောက်သွား တယ်. . . (မှန်ပါ့)။

ကဲ. . . လောဘအတိုင်း ကြောက်ရမှာလား. . . (မကြောက်ရပါဘုရား) လောဘ၊ လောဘအတိုင်း ထားရင် တော့ ကြောက်ကြ. . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်လိုဆိုပါ့မယ်. . . (လောဘကို လောဘအတိုင်းထားရင် ကြောက်ရမှာပါဘုရား)။

**အကျိုးကိုဆောင်ရွက်သွားမယ်**

ဟာ. . . ဒီလောဘကို ပညာနဲ့ပေါင်းပြီး ကြည့်လိုက်တဲ့အခါကျတော့. . . (ကြောက်ဖို့မလိုပါဘုရား)၊ ကြောက်စရာမရှိတဲ့အပြင် ခင်ဗျားတို့အကျိုးကို ဆောင်ရွက်သွားမယ် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ့်နှယ်တုန်း. . . (တပည့်တော်တို့ အကျိုးကို ရွက်ဆောင်သွားပါမယ်ဘုရား) ခင်ဗျားတို့ကို နိဗ္ဗာန်ရဖို့ မင်္ဂပေါ် ပေးတယ်. . . (မှန်ပါ့)။

ကိုထွန်းလှိုင်ကြီးတို့ ကြပ်ကြပ်သတိထားပေးပါ. . . ကြားတယ်မဟုတ်လား. . . (မှန်ပါ့)။

အေး. . . ဒါဖြင့် လောဘကို လောဘအတိုင်း မထားနဲ့လို့ ကိုဝတို့၊ ကိုပေါ် တို့ကို သတိပေးလိုက်ပါတယ် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

**ဒေါသတလေး**

ကောင်းပြီ. . . ဒါဖြင့် အဲဒီလို ဖြစ်ပြီးသကာလ အင်း. . . ဒေါသကလေးဟာလဲ ဦးဘရှင်းတို့က ကြောက်ချင်ကြောက်မှာပဲ၊ ဒေါသဟာကွာ. . . ပစ္စုပ္ပန်လဲ ကောင်းကျိုးမပေးဘူး၊ သံသရာလဲ ကောင်းကျိုးမပေးဘူးဆိုတာတော့ သက်ကြီးစကား သက်ငယ်ကြားနဲ့ အကုန်ပဲ ခင်ဗျားတို့

ကြောက်လန့်နေကြတဲ့တရားပဲ. . . (မှန်ပါ့ဘုရား)။

ဦးဘကလေး. . . ကြောက်လန့်နေတဲ့တရားပဲဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

အဲဒီမလွဲတာကို ဘုန်းကြီးက သဒ္ဓါနဲ့ပေါင်းဟော့၊ မင်းသန္တာန်ဘုရားက ဟောထားတယ်၊ မင်းတို့ခန္ဓာထဲမှာ ဒေါသဆိုတဲ့ ဝိညာဏက္ခန္ဓာလဲပေါ်လာမှာပဲ. . . (မှန်ပါ့)။

ဘုရားကိုယုံယုံကြည်ကြည်နဲ့ ဟာ. . . မင်းတို့ခန္ဓာ ထဲမှာဖြင့် ဒီဝိညာဏက္ခန္ဓာဟာ ပေါ်မှာပဲ၊ ဒေါသဝိညာဏ က္ခန္ဓာပေါ်မှာပဲဆိုတာကော ယုံကြည်ရဲ့ မဟုတ်လား. . . (ယုံကြည်ပါတယ်ဘုရား)။

ပေါ်ကော မပေါ်ဘူးလား. . . (ပေါ်ပါတယ် ဘုရား) အကြောင်းတိုက်ဆိုင်ရင်ပေါ်တာပဲ ဒေါသဟာ. . . (မှန်ပါ့) မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့အထဲ ခန္ဓာပေါ်လိမ့်မယ် ဆိုတဲ့အတိုင်း အကြောင်းတိုက်ဆိုင်တော့ ပေါ်လာတာပဲ. . . (မှန်ပါ့)။

## ပညာနဲ့ပေါင်းလိုက်စမ်းပါ

ကဲ. . . ဒါဖြင့် ယုံကြည်လို့ပေါ်လာပြီ. . . (မှန်ပါ့) ပညာနဲ့ပေါင်းလိုက် ဦးဘရှင်. . . (မှန်ပါ့) သူပေါ်လာပြီး သည့်နောက် ပညာနဲ့တစ်ခါပြန်ပေါင်းလိုက်စမ်းဗျာ. . .

(မှန်ပါ့) ဘယ့်နှယ်ဖြစ်သွားသလဲ. . . (အနိစ္စဖြစ်သွားပါတယ်ဘုရား)။

သူဒေါသက ကျုပ်တို့သန္တာန်ရောက်သွားကတည်းက သူက အနိစ္စရောက်သွားပြီ-(မှန်ပါ့) မရောက်သေးဘူးလား. . . (ရောက်ပါပြီဘုရား)။

အဲဒီတော့ ဒေါသကဖြစ်ပျက်၊ ပညာက မဂ်. . . (မှန်ပါ့) ပို့ဦးမလားမောင်နိုင်. . . (မပို့ပါဘုရား) ကိုဝ. . . ပို့ဦးမလား. . . (မပို့ပါဘုရား) သေချာပလား. . . (သေချာပါပြီဘုရား)။

ဩော်. ဒါဖြင့် ဘယ့်နှယ်ကြောင့် ဒီရန်သူနှစ်ယောက် ဒကာဒကာမတို့ မိတ်ဆွေအဖြစ်နဲ့ ရှက်ဆောင်ပေးပါလို့မ်မလဲလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား) တပည့်တော်တို့ အပေါင်းတည့်သွားလို့ဘုရား). . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## အပေါင်းအသင်းအရေးကြီးတယ်

ဘာတဲ့တုန်း. . . (အပေါင်းတည့်သွားလို့ပါဘုရား)။

ဒါဖြင့် အပေါင်းအသင်း သိပ်အရေးကြီးပါကလား . . . (ကြီးပါတယ်ဘုရား) ဥပါဒါန်နဲ့ပေါင်းရင်ခက်ပြီ. . . (မှန်ပါ့) ဏံနဲ့ပေါင်းရင်ခက်မယ်. . . (ခက်ပါတယ်ဘုရား)

အခုတော့ ဉာဏ်နဲ့ပေါင်းလိုက်တာ. . . (မှန်ပါ့)။

ကိုဝ ဘယ်သူနဲ့ပေါင်းသတုံး. . . (ဉာဏ်နဲ့ပေါင်းလိုက်ပါတယ်ဘုရား)။

ဉာဏ်ပညာနဲ့ပေါင်းလိုက်တဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာတဲ့ ရန်သူသည်ပင် ကိုယ့်အကျိုးဆောင်တဲ့ ပုဂ္ဂိုလ်ဖြစ်သွားတယ်. . . (မှန်ပါ့)။

လောဘ၊ ဒေါသဟာ ဘာတုံး နဂိုက (ရန်သူပါဘုရား) ရန်သူပဲတဲ့၊ ရန်သူသည့်ပင်လျှင် ယခု ကျုပ်တို့က သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်တဲ့အတွက်တဲ့ ကိုပေါ် ကျုပ်တို့၏ မိတ်ဆွေဖြစ်ပြီး၊ သူကနေ မဂ်ဉာဏ်ပေါ်အောင် ကျေးဇူးပြုတယ်. . . (မှန်ပါ့) ကျေးဇူးမပြုဘူးလား. . . (ပြုပါတယ်ဘုရား)။

## အပေါင်းအသင်းတည့်ဖို့ အရေးကြီးတယ်

ဒါဖြင့် အကုသိုလ်တိုင်း ကြောက်ရမှာလား. . . အပေါင်းအသင်းတည့်ဖို့သာ အရေးကြီးသလား. . . (အပေါင်းအသင်းတည့်ဖို့သာ အရေးကြီးပါတယ်ဘုရား)။

ဪ. . . ဒါဖြင့် ဒို့သည်ကားလို့ ဆိုလို့ရှိရင် သိပ်ပြီး အဖိုးတန်ပါပေ့လား. . . ဆိုတဲ့ စကားဟာ ဒကာကြီးလှိုင်ကွာ. . . ငါတရားအားထုတ်နေတာ အကုသိုလ်က ဝင်လွန်း

လို့ ကြာတော့ စိတ်ကိုပျက်လာတယ်၊ တရားတောင် အား မထုတ်ချင်ဘူး. . . အကုသိုလ်က ဝင်လွှန်းလို့တဲ့။

လောဘက ဝင်လာကွာ. . . ဒေါသက ဝင်လာကွာ . . . ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကိုယ်က တရားအားထုတ်နေ တယ် မဟုတ်တာတွေချည်းဝင်နေတယ်. . . ကိုဝ ဒီလို ညည်းပြီး ထပြေးတဲ့ပုဂ္ဂိုလ်များကော တွေ့ဘူးရဲ့လား. . . (တွေ့ဘူးပါတယ်ဘုရား)။

ဒီလိုပြေးရမှာလားတဲ့၊ သဒ္ဓါပညာနဲ့ ပေါင်းရမှာ လား. . . (သဒ္ဓါပညာနဲ့ ပေါင်းရမှာပါဘုရား)။

ဘုရားက မင်းတို့သန္တာန်နဲ့ မဂ်နဲ့မပယ်သေးသရွေ့ ကာလပတ်လုံး ဒီလောဘ၊ ဒေါသ၊ မောဟတွေက လာမှာပဲ ဆိုတာ ခင်ဗျားတို့ကယုံကြည်ထားလိုက်. . . (မှန်ပါ့) ယုံ ကြည်ထားတဲ့ အတိုင်းကော ကိုယ့်ခန္ဓာထဲ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အဲ. . . ပေါ်လာတဲ့အခါကျတော့ ဘာနဲ့ပေါင်းရမ လဲ. . . (သဒ္ဓါ၊ ပညာနဲ့ပေါင်းရပါမယ်ဘုရား)။

ပညာနဲ့တစ်ခါ ပေါင်းပေးလိုက်တဲ့အခါကျတော့ သဒ္ဓါနဲ့ယုံကြည်ပြီး ဟာ. . . ပေါ်လာပြီဆိုတာ သဒ္ဓါက ယုံ ကြည်လိုက် (မှန်ပါ့)။

## ကိုယ်ကြည့်တာ မဂ်ဖြစ်သွားတယ်

ပညာနဲ့ပေါင်းပြီးသကာလ ကျုပ်တို့က ကိုယ့်သန္တာန်ဒါကိုပညာနဲ့ငါကြည့်ဦးမယ်ဆိုတဲ့ အချိန်ကျတော့ ကိုဝ. . . ဖြစ်ပျက်ဖြစ်သွားရော. . . (မှန်ပါ့) ကိုယ်ကြည့်တာက မဂ်ဖြစ်သွားတယ်-(မှန်ပါ့)။

ဒါဖြင့် ကိုပေါ်တို့. . . ကိုဝတို့ ကြောက်စရာရှိသေးရဲ့လား (မရှိပါ့ဘုရား) မရှိပါဘူး၊ သဘောပါကြပလား. . . (ပါပါပြီ)။

ကဲ. . . ဘယ့်နှယ်ကြောင့် ဒါလောက်တောင် ခရီးပေါက်သွားပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေမေးလို့ရှိရင် **'သဒ္ဒါဒုတိယာ ပုရိသဿဟောတိ'** နဲ့ ပေါင်းလိုက်လို့ဘုရား. . . (မှန်ပါ့)။

## နိဗ္ဗာန်ကောက်ရောက်တယ်

**'ပညာစေနံ ပဿာသတိ'**. . . ဆိုတဲ့အတိုင်း ပညာစ=ပညာသည်၊ နံ=ထိုယောက်ျားကို၊ ပဿာသတိ=အမှန်မြင်အောင်ဆုံးမ၏. . . ဆိုတော့ အပေါင်းက တပည့်တော်တို့က 'တည့်သွားတယ်ဘုရား. . . ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ **'သဒေါသံဝါစိတ္တံ' သဒေါသစိတ္တန္တိ ပဇာနာတိ'** အဲဒါရှုကွ၊ ဒါ စိတ္တာနုပဿနာ သတိ

ပဋ္ဌာန်၊ **'ဧကာယနော ယံဘိက္ခဝေ မဂ္ဂေါ'** နိဗ္ဗာန် ကေန် ရောက်တယ်လို့ မပြောဘူးလား. . . (ပြောပါတယ် ဘုရား)။

ဒါသစိတ်ကို ရှုနိုင်လို့ရှိရင်လဲ နိဗ္ဗာန်ကေန်ရောက် တယ်လို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် အပေါင်းအသင်းကလေး ပြောင်း လိုက်ရုံပဲ. . . (မှန်ပါ့) ဒါသနောက်ကနေပြီး ကျုပ်တို့က သောကနဲ့မပေါင်းဖို့ ပရိဒေဝနဲ့မပေါင်းဖို့. . . (မှန်ပါ့) ဒုက္ခ ဒေါမနဿနဲ့. . . (မပေါင်းဖို့ပါဘုရား)။

## အပေါင်းအသင်းပြင်လိုက်ရင်ပြီးတယ်

အဲ. . . အပေါင်းကလေးပြင်လိုက်ရင်ပြီးတာပဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါ တရားဆန်းနေတာလားတဲ့၊ သတိပဋ္ဌာန်ထဲမှာလဲ ပါပြီးသားလား. . . (သတိပဋ္ဌာန်ထဲ ပါပြီးသားပါဘုရား)။

တရားဆန်းတယ်လို့ မယူပါနဲ့. . . တဲ့၊ မင်းတို့ဘုန်း ကြီးက တရားခပ်ဆန်းဆန်း ပြောတတ်တယ်၊ ဒီလိုမယူနဲ့ တဲ့၊ သူ့ပါဠိတော်နဲ့ တန်းပြောတာ. . . (မှန်ပါ့) သဘောပါ ပလား-(ပါပါပြီဘုရား)။

သူ့ပါဠိတော်နဲ့ တန်းပြီးသကာလ ပြောလိုက်တော့

ကဲ. . . ဒါဖြင့် ရန်သူတွေသည် ဦးဘရှင်း ဘာလာရွက်ဆောင်ကြသတုန်း. . . (မိတ်ဆွေအဖြစ်ရွက်ဆောင်ပါတယ်ဘုရား)။

မိတ်ဆွေအဖြစ်နဲ့ ရွက်ဆောင်တော့ သူတို့က မဂ်ပေါ်အောင် ရွက်ဆောင်တဲ့အတွက် မဂ်ဆိုတာ **'ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ'**။ ကိလေသေ=ကိလေသာတို့ကို၊ မရေန္တော=သတ်လျက်၊ ဂစ္ဆတိ=နိဗ္ဗာန်သို့ သွားတတ်၏ဆိုတော့. . . မောင်နိုင်. . . အပါယ်သွားသေးရဲ့လား. . . (မသွားပါဘုရား) မဂ်ပညာနဲ့သွားပေါင်းတယ်. . . (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ပေါင်းတတ်ကြပလား . . . (ပေါင်းတတ်ပါပြီ) ဘာနဲ့ပေါင်းကြမယ်. . . (သဒ္ဓါ၊ ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါ၊ ပညာနဲ့ ပေါင်းစမ်းပါဆိုတာ ယနေ့အပေါင်းအသင်းပြင်ပေးပါတယ်. . . (မှန်ပါ့) ဒကာကြီးလှိုင်. . . ပေါင်းတတ်ပလား. . . (ပေါင်းတတ်ပါပြီဘုရား)။

အေး-ပေါ်လာတာ ပေါ်မှန်းသိလို့ရှိရင် အို ပေါ်လိမ့်မယ်လို့ ဘုရားက ဟောထားတာပဲ. . . (မှန်ပါ့) ဒါကသဒ္ဓါနဲ့ ယုံကြည်လိုက်ပါ. . . (မှန်ပါ့)။

ပြီးတော့မှ သဒ္ဓါနဲ့ယုံကြည်ပြီးတော့မှ ဘုန်းကြီးတို့ ဒကာဒကာမတွေက အင်း-ပညာနဲ့ကြည့်လိုက်စမ်းပါ. . .

(မှန်ပါ့) ကြည့်လိုက်တော့ ဘာတွေ့သလဲ. . . (အနိစ္စတွေ့ပါတယ်) အနိစ္စတွေ့တာပဲ၊ ဖြစ်ပျက်တွေ့တာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်သွားတယ်

အဲဒီလို တွေ့သွားတဲ့အခါကျတော့ကိုတဲ့ ခင်ဗျားတို့ကျုပ်တို့ကို ပဋိစ္စသမုပ္ပါဒ် တန်းမလို့လာတဲ့ တဏှာ၊ ဥပါဒါန်၊ ကံဆိုတော့ သူက ဥပါဒါန် ကျေးဇူးပြုနိုင်သေးသလား၊ မဂ်ကျေးဇူးပြုရမယ်. . . (မဂ်ကျေးဇူးပြုရပါမယ်ဘုရား)။

တစ်ခါတည်း ပဋိစ္စသမုပ္ပာဒ်ပြတ်သွားတယ်. . . (မှန်ပါ့) မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)။

ပြတ်သွားကတည်းက 'ကမ္မဘဝပစ္စယာ'-ဇာတိဆိုတာ လာသေးသလား (မလာပါဘုရား)။

ဟာ. . . ဒါဖြင့် ဦးဘရှင်းတို့ ဘယ်လိုဆောက်တည်လို့ ဖြစ်သွားပါလိမ့်မလဲဆိုတော့ အဖြေထွက်ကြပလား-(ထွက်ပါပြီ) ဘယ်လိုကြောင့်ပါလိမ့်၊ (အပေါင်းအသင်းတည့်လို့ပါဘုရား) အပေါင်းအသင်းတည့်သွားတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား) အပေါင်းအသင်းတည့်သွားတဲ့အတွက် သိပ်ကျေးဇူးများတယ်. . . (မှန်ပါ့)။

ကဲ. . . ကိုထွန်းလှိုင်ကြီး နေရာကျပြီနော်. . .

(မှန်ပါ့)။

ဒါ. . . တပည့်တော် ဘယ်အချိန်ရှုရမှာတုံးလို့ မမေးကြနဲ့ (မှန်ပါ့) ကိုဝ. . . မေးဖို့လိုသေးသလား. . . (မလိုပါဘုရား)။

## ပေါ်တဲ့အချိန်ရှုလိုက်ပါ

ဟ. . . ပေါ်တဲ့အချိန်ပေါ့ကွ. . . (မှန်ပါ့) ဆိုနိုင်ပြီ မဟုတ်လား. . . (ဆိုနိုင်ပါပြီဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘယ်အချိန် ရှုရမှာလဲ. . . (ပေါ်တဲ့အချိန် ရှုရမှာပါဘုရား)။

အဲ. . . ပေါ်တဲ့အချိန် ရှုလိုက်ပြီးပေါ်တဲ့အချိန် သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်ပြီးတာပါပဲ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်နဲ့မွေ့လျော်တဲ့ပုဂ္ဂိုလ်

အဲဒီတော့ ဒီလို အပေါင်းအသင်းတည့်တဲ့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ **'နိဗ္ဗာနာဘိရတော့ မစ္ဆော'** တဲ့၊ နိဗ္ဗာန်၌ မွေ့လျော်တဲ့ သတ္တဝါကွတဲ့ (မှန်ပါ့)။

ဒီအပေါင်းအသင်း တည့်အောင်ပေါင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့မွေ့လျော်တဲ့ ပုဂ္ဂိုလ်ဆိုတော့ နိဗ္ဗာန်နဲ့မွေ့လျော်

တော့ ဘာဖြစ်သတုံးဆို. . . အို. . . **'သဗ္ဗဒုက္ခာ ပမုစ္စတိ'** တဲ့၊ အလုံးစုံဒုက္ခတွေမှ လွတ်တာပေါ့ကွတဲ့. . . (မှန်ပါ့)။

အဲဒါ အပေါင်းအသင်းတည့်တဲ့အတွက် မောင်နိုင် ဘယ်လောက် ကျေးဇူးများသလဲ. . . (များပါတယ်ဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်ထဲ အကုန်ဝင်တယ်

ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ တစ်နေ့ကိုအထူးအထူးချည့်ပဲ ဦးဘရှင်း. . . မှတ်နေရတယ် . . . (မှန်ပါ့) အထူးထူးသာ မှတ်နေရတယ် ကျုပ်တို့ဖြစ်ပျက် ထဲဝင်တာချည့်ပဲ. . . (မှန်ပါ့)။

ဘယ်လိုလဲ ဘုန်းကြီးက ကျမ်းတွေအမျိုးမျိုးကြည့် ပြောပြီးသကာလနေပြောသော်လဲ ဒို့လုပ်ထားတာနဲ့ ကိုက် တယ်သာမှတ်. . . (မှန်ပါ့)။

## ဒို့လုပ်ထားတာနဲ့ ကိုက်တယ်သာမှတ်

ဘယ်လိုမှတ်ကြမယ်. . . (လုပ်ထားတာနဲ့ ကိုက်ပါ တယ်ဘုရား) မိုက်တာပါသေးရဲ့လား. . . (မပါ-ပါဘုရား) မပါ-ပါဘူးတဲ့ ပိုပြီးအားရှိတာပဲထူးတယ်. . . (မှန်ပါ့)။

ကိုဝ ဘယ့်နှယ်တုန်း. . . (ပိုပြီး အားရှိတာပဲထူးပါ

တယ်ဘုရား)။

အားရှိတာပဲ ထူးတယ်ဆိုတော့ ပါဠိတော်လဲ အခု ဟာက သံယုတ်ပါဠိတော်က. . . ဒီလိုပေါင်းလို့ သူဟော တော့ ကျုပ်တို့က. . . သံယုတ်ပါဠိတော်တော့ ဒကာဒကာမ တွေက မကြာဖူးဘူး၊ ဘုန်းကြီးက ခေါင်းဆောင်ပြောလို့ အခုဒီနေ့ညကျမှပဲ ကြားကြရတယ်ထားပါတော့. . . (မှန်ပါ့) မဟုတ်ဘူးလား ဒီနေ့မှပဲ ကြားကြရတယ် ထားပါ တော့။

## ဒါနဲ့လဲကိုက်သားပဲ

သတိပဋ္ဌာန်ကတော့ များသောအားဖြင့် တွေ့ဘူး၊ ကြုံဘူးများတော့ **'သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ'** အင်း. . . ဒါနဲ့လဲ အကိုက်သားပဲ မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

လောဘစိတ် ပေါ်လာရင်. . . လောဘစိတ်ကို ဖြစ် ပျက်ရှုဆိုတာ မပါဘူးလား. . . (ပါ-ပါတယ်) ဒေါသစိတ် လာရင်ကော. . . (ဒေါသစိတ်ဖြစ်ပျက်ရှုရပါမယ်) သူ့ပါဠိ တော်က မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ယုံကြည်တော့ ပေါ်တာသိတယ်

အဲဒီတော့ ကျုပ်တို့က ဒါ ယုံယုံကြည်ကြည်နဲ့ ခန္ဓာကိုယ်ထဲမပေါ်ဘူးလို့ ဆိုရမှာလား. . .၊ ပေါ်တာကို ယုံကြည်ရမှာလား. . (ပေါ်တာကိုယုံကြည်ရမှာပါဘုရား)။

ပေါ်တာ သူ့မင်္ဂနဲ့ မပယ်သေးသရွေ့ ပေါ်မယ်ဆိုတာ ယုံကြည်ထားလိုက်. . . (မှန်ပါ့) ယုံကြည်ပြီးသကာလ ယုံကြည်တော့ပေါ်တာသိတယ်မဟုတ်လား. . . (မှန်ပါ့) ပညာနဲ့ပေါင်းလိုက်တော့ ပျက်တာသိတယ်. . . (မှန်ပါ့)။

## ပညာနဲ့ပေါင်းလိုက်တော့ ပျက်တာသိ

ယုံကြည်တော့ကော. . . (ပေါ်တာသိပါတယ်) ပညာနဲ့ပေါင်းလိုက်တော့. . . (ပျက်တာသိပါတယ်ဘုရား)။

ဒါဖြင့် ယုံကြည်တော့ ပေါ်တာ သိတယ်ဆိုတော့ အဖြစ်ကိုသိတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) ပညာနဲ့ပေါင်းလိုက်တော့. . . (အပျက်သိပါတယ်ဘုရား)။

ဒါဖြင့်ဖြစ်ပျက်သိတာ. . . (မှန်ပါ့) သဒ္ဓါကဖြစ်ပေါ်တာ သိတာကိုး. . . (မှန်ပါ့) ပညာက-(ပျက်တာသိပါတယ်ဘုရား)။

**ဖြစ်ပျက်မြင်တာပဲ**

ပျက်တာသိတော့ ကျုပ်တို့ဟောနေကျတရားထဲပဲ ဖြစ်ပျက်မြင်တာမဲ့. . . (မှန်ပါ့) မှတ်မိကြပလား. . . (မှတ်မိပါပြီဘုရား)။

ဘာမြင်ပါလိမ့်. . . (ဖြစ်ပျက်မြင်တာပါဘုရား)။

ဖြစ်ပျက်ပဲမြင်တော့ ဩော်. . . ဒီကိစ္စဟာ ဘုန်းကြီးက ကျမ်းအမျိုးမျိုးတွေကို နိုင်နင်းပြီး ပြောငြားသော်လည်း ဒို့လုပ်တဲ့အလုပ်ကို ထောက်ခံချက် အကြီးအကျယ်ပေးတာမှ တစ်ပါး ဘာမှမပါဘူး. . . (မှန်ပါ့) ဒီလိုဆုံးဖြတ်ချက်ချလိုက်ရင်တည့်တယ်. . . (မှန်ပါ့) မတည့်သေးဘူးလား. . . (တည့်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတွေ အားရှိကြပလား လို့ မေးလိုက်ပါတယ်. . . (အားရှိပါတယ်ဘုရား)။

**လောဘ၊ ဒေါသဖြစ်မှာမကြောက်ပါနဲ့**

လောဘဖြစ်မှာလဲ မကြောက်ပါနဲ့၊ ဒေါသဖြစ်မှာကော. . . (မကြောက်ပါဘုရား) အပေါင်းအသင်းလွဲမှာကို . . . (ကြောက်ပါတယ်ဘုရား)။

အေး. . . ဒါမှတ်ရမှာ ဒကာဒကာမတို့၊ ကိုဝ. . . သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

လောဘဖြစ်မှာကိုလဲ. . . (မကြောက်ပါဘုရား) မဂ်နဲ့မပယ်ရသေးရင်ဖြစ်မှာပဲ. . . (မှန်ပါ့)။

မဂ်နဲ့မပယ်သေးသရွေ့ အကြောင်းတိုက်ဆိုင်ရင် လောဘဖြစ်မှာပဲ. . . (မှန်ပါ့) ဒေါသကော. . . (ဖြစ်မှာပါပဲဘုရား)။

## သဒ္ဓါ၊ ပညာနဲ့ပေါင်းချလိုက်ပါ

သို့သော် သူတို့သည်ကားလို့ ဆိုလို့ရှိရင် ကျုပ်တို့က မဂ်နဲ့မပယ်သေးလို့ ဖြစ်ငြားသော်လည်း ကျုပ်တို့က ဥပါဒါန်နဲ့ မပေါင်းနဲ့ သောကနဲ့မပေါင်းနဲ့. . . (မှန်ပါ့) ပညာနဲ့ပေါင်းချလိုက်. . . (မှန်ပါ့ဘုရား)။

သဒ္ဓါ၊ ပညာနဲ့ ပေါင်းချလိုက်တဲ့အခါကျတော့ သဒ္ဓါက အဖြစ်ကိုသိတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ပညာက. . . (အပျက်ကိုသိပါတယ်ဘုရား)။

ဒါဖြင့် သူတို့နှစ်ခုသည် ဘာကိုသိသတုံးမေးရင်. . . (ဖြစ်ပျက်သိပါတယ်ဘုရား)။

## သဒ္ဓါပညာတွေက မဂ္ဂဖြစ်သွားတယ်

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ. . . ဟုတ်လား. . . (မှန်ပါ့) သဒ္ဓါပညာတွေက မဂ္ဂဖြစ်သွားတော့ မဂ်ဆိုတာ

ဘာလုပ်ပါလိမ့်မတုံးဆိုတော့ ရှင်းလို့. . . တဏှာနောက်က ဥပါဒါန်တံ လာသေးသလား. . . (မလာပါဘုရား) အဲဒီ ကိလေသာတွေဖြစ်တယ်ကွ. . . (မှန်ပါ့)။

ဒေါသနောက်က သောက၊ ပရိဒေဝ၊ ကိလေသာ တွေလာသေးသလား. . . (မလာပါဘုရား) အဲဒီကိလေသာ တွေ ဖြတ်တယ်ကွ. . . (မှန်ပါ့) ပော. . . မဂ်သတ္တိကော မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့်မောင်နိုင်. . . ဒီအလုပ်ဟာဖြင့် အကုသိုလ် ဖြစ်ရင် ဒို့. . . အပါယ်သွားရတော့မယ်ဆိုတဲ့ စကားဟာ ဒီနေ့ကစပြီး သကာလ သဒ္ဓါ၊ ပညာနဲ့ပေါင်းတဲ့ ပုဂ္ဂိုလ် မသွား ရဘူး. . . (မှန်ပါ့) မပေါင်းတဲ့ပုဂ္ဂိုလ်ဖြင့်. . . (သွားရပါမယ် ဘုရား)။

ဒီလိုခွဲခြားသိတော့ သိပ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား) ဒီလိုခွဲခြားမသိ တော့ ကြောက်စရာမဟုတ်လဲ ကြောက်တယ် (မှန်ပါ့) ကြောက်စရာဟုတ်တာလဲ မကြောက်. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ဒါ-ဆရာသမားတာဝန်တွေ အကြီး အကျယ်လိုတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ပါဠိတော်တွေနဲ့ကိုက်တယ်

ကဲ. . . ခုတော့ဖြင့် ဆရာဘုန်းကြီးက သံယုတ်ပါဠိတော်ကြည့်ပြီးပြောတာလား၊ သတိပဋ္ဌာန် ပါဠိတော်နဲ့ ကိုက်ရဲ့လား. . . (ကိုက်ပါတယ်ဘုရား) **အနိစ္စာဝတ သင်္ခါရ** နဲ့ကော. . . (ကိုက်ပါတယ်ဘုရား)။

ကိုက်တယ်. . . **'ယဒါ ပညာယ ပဿတိ'** ဆိုတာနဲ့ကော (ကိုက်ပါတယ်ဘုရား)။

**'သဗ္ဗေသင်္ခါရာ အနိစ္စာ'** ရှေ့နားပေါ်တာက အနိစ္စ. . . **'ယဒါ ပညာယ ပဿတိ'** ဆိုတာ ပညာနဲ့ ပေါင်းပြောတာ. . . (မှန်ပါ့)။

မောင်နိုင်. . . အဲဒါပါဠိကကော. . . (ပညာနဲ့ ပေါင်းလို့ပြောတာပါ) ကဲ. . . တစ်ထပ်တည်းမနေဘူးလား . . . (နေပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် အကုသိုလ်ဖြစ်မှာ ကျုပ်တို့ ကြောက်ရမှာလား၊ အပေါင်းအသင်းလွဲတာကြောက်ရမှာ လား. . . (အပေါင်းအသင်းလွဲမှာ ကြောက်ရတာပါဘုရား)

## ဒီဥစ္စာမမေ့ကြစမ်းပါနဲ့

အို. . . တယ်အဖိုးတန်ပါလား. . . ဒကာဒကာမတို့ မမေ့ကြစမ်းပါနဲ့၊ ဒီဥစ္စာ ခဲခဲယဉ်းယဉ်းသိရတဲ့အသိပါ. . .

(မှန်ပါ့)။

ဒကာကြီးလှိုင် လွယ်လွယ်နဲ့သိတာဟုတ်ရဲ့လား . . . (မဟုတ်ပါဘုရား)။

ရှေးတုန်းကတော့ ဒကာကြီးလှိုင်တို့ ပေါင်းသင်းဆက်ဆံနေတာက တဏှာလာလို့ရှိရင် ဥပါဒါန်နဲ့ ပေါင်းလိုက်တာပဲ(မှန်ပါ့) ဥပါဒါန်နဲ့ပေါင်းပြီး ကံနဲ့ပေါင်းချလိုက်တယ်. . . (မှန်ပါ့)။

ကံနဲ့ပေါင်းတော့ ကမ္မဘဝပစ္စယာ ဇာတိဆိုပြီး သကာလ သေသည်၏အခြားမဲ့၌ အပါယ်ဇာတိသာ ရ-ရ သွားတယ်. . . (မှန်ပါ့)။

အဲဒါ. . . မောင်နိုင်က ဘယ်နှယ့်ကြောင့် ဖြစ်သွားပါလိမ့်မလဲလို့ နောက်က ဒကာဒကာမတွေက မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (အပေါင်းအသင်းလွဲလို့ပါဘုရား) အပေါင်းအသင်းလွဲတယ်။

## ပဋိစ္စသမုပ္ပါဒ်တန်းသွားတယ်

သဒ္ဓါ-ပညာနဲ့မပေါင်းမိဘူး. . . (မှန်ပါ) မဟုတ်ဘူးလား-(မှန်ပါ့) ဥပါဒါန်ကံတွေနဲ့. . . (ပေါင်းမိပါတယ်) သောက ပရိဒေဝတွေနဲ့. . . (ပေါင်းမိသွားပါတယ်ဘုရား)။

ဒါဖြင့် နောက်က ဒကာဒကာမတွေ အားလုံး အရင်း

အချာတွေဖြစ်နေတော့ ဩော်. . . ဒို့အပေါင်းအသင်း လွဲ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်. . . တဲ့၊ အပေါင်းအသင်းလွဲ ရင် ပဋိစ္စသမုပ္ပာဒ်က တန်းမြဲတိုင်းတန်းသွားမယ်. . . (မှန်ပ့ါ) အပေါင်းအသင်းမလွဲလို့ရှိရင် ပဋိစ္စသမုပ္ပာဒ် ပြတ် တယ်. . . (မှန်ပ့ါ) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒကာဒကာမတွေ အင်မတန်မှ ကျေးဇူးများတယ်ဆိုတာ အခု အရှေ့ပိုင်းမှာ ပြောတာနဲ့ပဲ မောင်နိုင်သေပျော်တဲ့တရားပါ. . . (မှန်ပ့ါ) ကိုဝ. . . သေ ပျော်ပလား. . . (သေပျော်ပါပြီဘုရား)။

## ပြင်ပြီးပေါင်းလိုက်တော့ မဂ်ရသွားတယ်

သေပျော်ပြီဆိုတော့ ချီးမြှောက်ပြောတာ မဟုတ်ပါ ဘူး ဒကာဒကာမတို့ ပြင်ပြီး ပေါင်းလိုက်ရင် ပြီးသွားတာပဲ . . . (မှန်ပ့ါ) ပြင်ပြီးပေါင်းလိုက်တော့ မဂ်ရသွားတယ်. . . (မှန်ပ့ါဘုရား)။

မောင်နိုင်. . . ဘယ်နှယ်တုန်း. . . (ပြင်ပြီး ပေါင်း လိုက်ရင် မဂ်ရသွားပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါ. . . ပါဠိတော်နဲ့ကော. . . (ကိုက်ပါတယ်ဘုရား)။

အေး. . . ပါဠိတော်ဆိုတာက သတိပဋ္ဌာန်တော်နဲ့ ကိုက်တယ်ပြောတာ (မှန်ပါ့) သံယုတ်ပါဠိတော်က သူက ခပ်ဆန်းဆန်းပြောထားတော့ မောင်နိုင်က ဖြုန်းခနဲ အင်း-ဒီဟာတစ်မျိုးပါကလားလို့ ထင်ချင်ထင်နေမယ်နော်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် အပါယ်သွားတတ်တဲ့ အကုသိုလ် သည်ပင်လျှင် အပါယ်မသွားတာ ကလေးကို ရှေ့တစ်ဆင့် တိုးပါနော်. . . (မှန်ပါ့)။

ရှေ့တစ်ဆင့်တိုးလိုက်တော့ ဥပမာ. . . လောဘ စိတ်ကလေးဖြစ်တယ်၊ သဒ္ဒါက ယုံကြည်တယ်၊ ဪ. . . မပယ်သေးရင် ဒီဥစ္စာဖြစ်ရမှာပဲ. . . ညူလဲခန္ဓာကိုး၊ ခန္ဓာမို့ ခန္ဓာပေါ်တာပေါ့. . . (မှန်ပါ့) မပေါ်လာဘူးလား. . . (ပေါ် ပါတယ်ဘုရား)။

ခန္ဓာမို့ ခန္ဓာပေါ်တယ်၊ လောဘခန္ဓာကလေး ပေါ် လာတာပဲ၊ ဒါဖြင့် ဒါကိုမောင်နိုင်က ယုံကြည်ပလား. . . (ယုံ ကြည်ပါတယ်ဘုရား)။

ဘယ်လိုယုံကြည်သတုန်း. . . မဂ်နဲ့မပယ်သေးရင် . . . ပေါ်ရမှာပဲ. . . (မှန်ပါ့)။

မဂ်နဲ့မပယ်သေးရင်. . . (ပေါ်ရမှာပါပဲဘုရား) ပေါ်ရမှာပဲ ဒါကိုယုံကြည်တာပဲ. . . (မှန်ပါ့) ရှင်းပလား

. . . (ရှင်းပါပြီဘုရား)။

## အနိစ္စအဖြစ်နဲ့ အမှုထမ်းတယ်

ကဲ. . . ပညာနဲ့ ပေါင်းလိုက်ပါ ဦးဘရှင်းက ပညာနဲ့ ပေါင်းလိုက်တော့ လောဘဟာ လောဘအဖြစ်နဲ့ မြင်သလား၊ အနိစ္စအဖြစ်နဲ့မြင်သလား. . . (အနိစ္စအဖြစ်နဲ့ မြင်ပါတယ်ဘုရား)။

ဒါဖြင့် ပညာနဲ့ပေါင်းလိုက်တဲ့အခါကျတော့ သူက လောဘအဖြစ်နဲ့ အမှုထမ်းရင် ဥပါဒါန်ကို ကျေးဇူးပြုမယ် . . . (မှန်ပါ့) အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက် ပညာကို သွားပြီး ကျေးဇူးပြုတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက်. . . (ပညာ သွားပြီး ကျေးဇူးပြုပါတယ်ဘုရား)။

ပညာသွားပြီး ကျေးဇူးပြုလိုက်တယ်. . . သူဟာ အနိစ္စမမြင်ရင် ဟိုက ပညာက မပေါ်နိုင်ဘူး. . . (မှန်ပါ့) ပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့အနိစ္စနဲ့ ဆက်သွားတယ်. . (မှန်ပါ့) တဏှာနဲ့ဥပါဒါန်နဲ့ မဆက်ဘူး၊ ဆက်သေးသလား (မဆက်ပါဘုရား)။

ဒါနဲ့ ခင်ဗျားတို့ရထားတာက တဏှာပစ္စယာဥပါဒါန်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ အခုဟာကတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ အနိစ္စရဲ့ ပညာနဲ့သွားဆက်တယ်- (မှန်ပါ့) မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

ဟာ. . . ဘယ်နှယ်ကြောင့် ဘာလိမ့်မတုံး(အပေါင်း အသင်းတည့်လို့ပါဘုရား) အပေါင်းအသင်း မှန်သွားလို့ . . . (မှန်ပါ့)ဆိုနိုင်ကြပလား. . . (ဆိုနိုင်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒီတစ်လုံးဟာ အင်မတန် အရေး ကြီးပါကလားဆိုတာ ဦးဘရှင်းတွေးမှ အရေးကြီးမှန်းသိ တယ်. . . (မှန်ပါ့)

## အပေါင်းအသင်းမှန်ဖို့ အရေးကြီးတယ်

အပေါင်းအသင်းတည့်ဖို့နဲ့ အပေါင်းအသင်းမှန်ဖို့ ဒကာဒကာမတို့ အလွန်အရေးမကြီးဘူးလား. . . (ကြီးပါ တယ်ဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . အပေါင်းအသင်း မှန်သွားတော့ အနိစ္စနဲ့ ပညာနဲ့သွားတွေ့တယ်. . . (မှန်ပါ့) အနိစ္စနဲ့ ပညာနဲ့သွား တွေ့တော့ အနိစ္စမြင်တဲ့အခါကျတော့ အင်း. . . ဒါ ငါထင် ပါသေးရဲ့လား၊ အနိစ္စပဲထင်တော့သလား. . . (အနိစ္စပဲ ထင်ပါတော့တယ်ဘုရား)။

ငါထင်ရင်သာ ဒိဋ္ဌိက အပါယ်ပို့မယ်၊ သဘောကျပလား-(ကျပါပြီ) အခုတော့ ငါမထင်တဲ့အတွက် အနိစ္စမို့ အနိစ္စပဲ သိသွားတဲ့အတွက် ဒိဋ္ဌိက ပြုတ်သွားတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

ကဲ. . . ဒါဖြင့် လောဘနဲ့ဒိဋ္ဌိဟာ အမြဲတမ်းတွဲလျက်ဖြစ်ပြီး သကာလ နေဌြားသော်လဲ အပေါင်းအသင်း မှန်သွားတဲ့အတွက် လောဘကလဲ ပြိတ္တာဘုံ မပေးနိုင်ဘူး၊ ဒိဋ္ဌိကလဲ အပါယ်မကျနိုင်ဘူး. . . (မှန်ပါ့)။

လောဘက ပြိတ္တာဘက်သွားတယ်. . . (မှန်ပါ့) ဒိဋ္ဌိက. . . (အပါယ်သွားပါတယ်ဘုရား)။

## အပေါင်းအသင်းသာတည့်အောင်ပေါင်းလိုက်

အပါယ်သွားတယ်ဆိုတော့ ဒကာဒကာမတွေက အင်း. . . ဒါဖြင့် လောဘဖြစ်လဲ မကြောက်နဲ့ကွ၊ အပေါင်းအသင်းသာတည့်အောင်ပေါင်းလိုက်. . . (မှန်ပါ့) ဒီတော့ ဦးဘကလေးတို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ) ဒိဋ္ဌိပါ ပြုတ်သွားတာကော မြင်လိုက်ပလား. . . (မြင်လိုက်ပါပြီဘုရား)။

ဖြစ်ပျက်မြင်လိုက်ကတည်းကိုက ခိုင်တယ်၊ မြဲတယ်ကိုဝယူသေးသလား. . . (မယူတော့ပါဘူး) ခိုင်တယ်၊ မြဲ

တယ် ယူတာက ဘယ်သူကယူတာတုန်း. . . (ဒိဋ္ဌိက ယူတာပါဘုရား)။

အဲ. . . သူမှမလာတော့ ကိုဝတို့က ငါ့ကွာ. . . ခက်လိုက်တာ ဒါတွေကလဲ. . . လို့ ဆိုစရာလိုသေးသလား. . . (မလိုပါဘုရား)။

မလိုတော့ပါဘူးတဲ့၊ အပေါင်းအသင်း တည့်သွားပါပြီ. . . ဒကာဒကာမတို့နော်. . . (မှန်ပါ့)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ ဘာပုဂ္ဂိုလ်တုန်း- **'နိဗ္ဗာနာဘိရတောပစ္စော'**ပဲကွ. . . တဲ့ဘုရားက၊ နိဗ္ဗာနာဘိရတော =နိဗ္ဗာန်၌ မွေ့လျော်သော၊ မစ္စော=သတ္တဝါဖြစ်သွားတယ်တဲ့ . . . (မှန်ပါ့)။

ဒီသတ္တဝါဖြစ်သွားတော့ ဘာဖြစ်သတုံးတဲ့၊ **'သဗ္ဗဒုက္ခာ ပမုစ္စတိ'**ပေါ့ကွာ. . . ဒုက္ခအကုန်ချုပ်တာပေါ့တဲ့. . . ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်. . . မောင်နိုင်ရေ အပေါင်းအသင်းတည့်ဖို့တယ်အရေးကြီးပါကလား. . . (ကြီးပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ပထမရှေးဦးစွာ သဒ္ဓါ၊ ပညာနဲ့ ဘယ်တရားလာလာ၊ ခန္ဓာကိုယ်ထဲ ဘာနဲ့ပေါ်လာလာ သဒ္ဓါ၊ ပညာကိုသာ ပေါင်းမိအောင် ပေါင်းလို့ရှိရင်ဖြင့် ဘယ်

အကုသိုလ်ကိုမှ မကြောက်နဲ့တော့. . . (မှန်ပါ့) ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

## အပေါင်းအသင်းလွဲမှာသာကြောက်ပါ

သဒ္ဒါ၊ ပညာသာ ပေါင်းမိလို့ရှိရင်. . . (ဘယ် အကုသိုလ်မှ ကြောက်စရာမလိုပါဘုရား)။

ဘယ်အကုသိုလ်မှ မကြောက်နဲ့တော့၊ အကုသိုလ် ဟူသရွေ့က အနိစ္စချည့်သွားဖြစ်ရမယ်. . . (မှန်ပါ့) မဖြစ်ပါ နဲ့ဆိုလို့ ရရဲ့လား. . . (မရပါဘုရား) မရတော့ဘူးဆိုတာ ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကဲ. . . ဒါဖြင့်. . . အကုသိုလ်ဆို ကြောက်ရတာ ချည့်လား၊ အပေါင်းအသင်း လွဲမှာသာ ကြောက်ရတာချည့် လား. . . (အပေါင်းအသင်းလွဲမှာသာကြောက်ရတာချည်းပါ ဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အကုသိုလ်ဆိုရင် ရှေးကတော့ ဘယ့်နှယ်တုန်း- (ကြောက်ရတာချည်းပါဘုရား)။

## အကုသိုလ်ကို မကြောက်နဲ့

အခုတော့ဖြင့် အဲဒီအကုသိုလ်ကို မကြောက်နဲ့. . . (မှန်ပါ့) အပေါင်းအသင်းမှားမှာသာ. . . (ကြောက်ရပါ

တယ်ဘုရား)။

အပေါင်းအသင်းတည့်လို့ရှိရင် သူက ရန်သူက မိတ်ဆွေလုပ်လိမ့်မဟော့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ သူတို့ကလဲ မောင်နိုင်က အကြောင်းတိုက်ဆိုင်အာရုံနဲ့ တိုက်ဆိုင်လာတဲ့အခါ ကိုယ်ဝယ်ချင်တဲ့ ကျောက်နဲ့တွေ့နေတဲ့အခါ ကိုယ့်မှာလဲ အထုပ်ကလေးက မပြည့်သေးတဲ့အခါကျတော့ လောဘဖြစ်မှာပဲ. . . (မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့. . . (မရပါဘုရား)။

မရဘူး. . . အဲ မရတော့ မောင်နိုင်က ဘာနဲ့ပေါင်းမယ်၊ သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်. . . (မှန်ပါ့)။

သဒ္ဓါက ဩော်. . . မပယ်သေးလို့ ပေါ်နေတာကိုး (မှန်ပါ့) မယုံကြည်ဘူးလား (ယုံကြည်ပါတယ်) မဂ်နဲ့မပယ်သေးတော့ သူ လာနေဦးမှာပဲ. . . (မှန်ပါ့) ဒါယုံကြည်ပလား၊ မယုံကြည်ဘူးလား. . . (ယုံကြည်ပါတယ်ဘုရား)။

## ပညာနှင့်တစ်ခါဆက်ပေါင်းလိုက်

အဲ-ယုံကြည်တဲ့ သဒ္ဓါနဲ့ပေါင်းပြီး သကာလ ပညာနဲ့ တစ်ခါဆက်ပေါင်းလိုက်. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ပညာနဲ့ ဆက်ပေါင်းလိုက်တော့ ဘာ

ဖြစ်သွားသလဲ. . . (မဂ္ဂဖြစ်သွားပါတယ်) အနိစ္စကို မြင်သွားတယ် (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့)။

အနိစ္စမြင်သွားတော့ ယုံကြည်တဲ့ သဒ္ဓါနဲ့ပညာနဲ့ ပေါင်းလိုက်တာ မောင်နိုင်ရေ၊ မဂ်ဉာဏ်တောင် ရလိုက်သေးတယ်. . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ် (မဂ်ဉာဏ်တောင်ရလိုက်ပါသေးတယ် ဘုရား)။

## မဂ်ဉာဏ်တောင်ရလိုက်သေးတယ်

မဂ်ဉာဏ်တောင်ရလိုက်သေးတယ်ဆိုတော့ ကျုပ်တို့မှာတဲ့အင်မတန်မှဝမ်းသာစရာကောင်းပါတယ်. . . (မှန်ပါ့)။

အင်မတန်မှ ဝမ်းသာစရာကောင်းတယ်၊ ဒါဟာ အပေါင်းအသင်းတည့်လို့ဆိုတဲ့ အဓိပ္ပာယ်ရှင်းပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ. . . ဒါဖြင့် ဒီလိုချည်းပဲ ဒကာဒကာမတွေက ဘာမှမကြောက်နဲ့၊ ဟာ. . . တပည့်တော်တို့ ဝိတက်တွေများလွန်းလို့ ရှုမဖြစ်ဘူးဆိုလို့ရှိရင်လဲ သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်. . . (မှန်ပါ့) ဒီဝိတက်ကိုဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်။

ဟာ. . . ဒီနေ့တော့ ဘုရား. . . တပည့်တော်အိမ်

ကိုက စိတ်မချမ်းသာ လက်မချမ်းသာနဲ့ လာခဲ့ရတဲ့အတွက် အားထုတ်ရပေမယ့်လဲ မဖြောင့်ဘူး. . . ဟ. . . ဘာကြောင့် မဖြောင့်တာတုန်း၊ မချမ်းသာတာတွေ ပေါ်နေလို့. . . အဲဒီ မချမ်းသာတာရှု. . . (မှန်ပါ့)။

မချမ်းသာတာ ဒုက္ခစိတ်တွေ ဒေါမနဿစိတ်တွေ ပဲ. . . (မှန်ပါ့) အဲဒီမချမ်းသာတာတွေကို သဒ္ဓါပညာနဲ့ ပေါင်းလိုက် (မှန်ပါ့)။

ဪ. . . မချမ်းသာတာလဲ မဂ်နဲ့မပယ်သေးတော့ မချမ်းသာတဲ့စိတ်တွေ ပေါ်သေးတာပဲ. . . (ပေါ်ပါတယ် ဘုရား) သဒ္ဓါနဲ့ပညာနဲ့ ပေါင်းလိုက်တော့ မချမ်းသာတဲ့စိတ် ဟာ ဘာဖြစ်သွားသလဲ. . . (ဖြစ်ပျက်ဖြစ်သွားပါတယ် ဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်ကိုက်တယ်

ဒါဖြင့်. . . ဖြစ်ပျက်နဲ့မဂ်မကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)။

အဲဒီတော့ မချမ်းသာတာလဲ ခင်ဗျားတို့မိတ်ဆွေ ဖြစ်သွားမှာပဲ. . . (မှန်ပါ့) မချမ်းသာတဲ့စိတ်ကလဲ. . . (မိတ်ဆွေဖြစ်သွားမှာပါပဲဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ အရေးအကြီးဆုံးအချက် ဒီနေ့

ဟောတာသည် သဒ္ဓါ၊ ပညာနဲ့ပေါင်းဖို့ပဲ ပါဠိတော်က အရေးကြီးတယ်. . . (မှန်ပါ့)။

ဒကာကြီးလိုင် ဘာအရေးကြီးသတုန်း. . . (သဒ္ဓါ၊ ပညာနဲ့ပေါင်းဖို့ အရေးကြီးပါတယ် ဘုရား)။

ဒကာဒကာမတို့ တရားများသလား. . . နည်းနည်းကလေးရှိသေးသလား. . . (နည်းနည်းရှိပါသေးတယ် ဘုရား)။

နည်းနည်းကလေး ရှိသေးတယ်၊ နာရီကသာ စေ့လို့နေတာ ဒီနှစ်လုံးပဲပြောနေတယ်. . . (မှန်ပါ့) ဒီပြင် မပါသေးဘူး. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်. . . တဲ့ ခင်ဗျားတို့ ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်ပြီလို့ မှတ်လိုက်. . . (မှန်ပါ့)။

ဘာတဲ့တုန်း. . . (ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပါပြီဘုရား)။

ရှေ့ကဖြစ်ပျက်ကို၊ နောက်က အမှန်မြင်တဲ့ သမ္မာဒိဋ္ဌိ. . . (မှန်ပါ့) သမ္မာဒိဋ္ဌိမဂ္ဂင်၊ သဘောကျပလား- (ကျပါပြီဘုရား)။

**ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သွားပြီ**

အဲဒီတော့ သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်တော့ ကိုဝရေ

. . . နေရာကျသွားပြီတဲ့၊ ဘာဖြစ်သွားသတုန်း၊ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သွားပြီ. . . (မှန်ပါ့) ဒါက ရှေ့တိုးမှတ်ဖို့။

သဒ္ဓါ၊ ပညာနဲ့ပေါင်းလိုက်တာ ဘာဖြစ်သွားသတုန်း . . . (ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သွားပါပြီဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သွားပြီတဲ့၊ ဘာလို့တုန်းဆိုတော့. . . လာသရွေ့ကို သူသည် သဒ္ဓါနဲ့ပေါင်းပြီး ပညာနဲ့ရှုပြီတဲ့. . . (မှန်ပါ့) မရှုသေးဘူးလား. . . (ရှုပါပြီဘုရား)။

ရှုလိုက်တော့ ရှေ့ပိုင်းကဖြစ်ပျက်၊ နောက်ပိုင်းကမဂ်ဆိုတော့ ကိုဝ. . . ဝိပဿနာ သမ္မာဒိဋ္ဌိ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)

ရှေ့က ရှုစရာကိုးဗျ. . . နောက်က အမြင်ကိုးဗျ. . (မှန်ပါ့) အဲ. . . ရှုစရာနဲ့အမြင်နဲ့ပေါင်းလိုက်တော့ သူက ဝိပဿနာ၊ သူက အမှန်မြင်လို့ သမ္မာဒိဋ္ဌိဆိုတော့ ဝိပဿနာသမ္မာဒိဋ္ဌိ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) ပေါ်ကြပလား. . . ဒကာဒကာမတို့ (ပေါ်ပါပြီဘုရား)။

## ပျင်းနေလဲရှု၊ ပျော်နေလဲရှု

အဲဒါကြောင့် စိတ်ပျက်လဲရှု. . . (မှန်ပါ့ဘုရား) ပျော်နေလဲ (ရှုရပါမယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ပျင်းနေလဲ. . . (ရှုရပါမယ်ဘုရား) ပျင်းရင်ပျင်းစိတ် ရှုပေါ့. . . (မှန်ပ့ါ)။

ပျင်းတာကိုဝ. . . တခြားတရားလို့ ကိုပေါ်က မှတ်မနေနဲ့ အလိုမကျလို့ပျင်းတယ်. . . (မှန်ပ့ါ) ဒေါသ အနုစားလို့ မှတ်လိုက်ပါ. . . (မှန်ပ့ါ)။

ဘယ်လိုမှတ်ကြမယ်. . . (ဒေါသအနုစားပါဘုရား) ဒါဖြင့် ဒါကလေးဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အဲ. . . ဖြစ်ပျက်ရှုလိုက်တော့ ဩော်. . . အလိုမကျ ဆိုတာ ပျင်းစိတ်ကိုး. . . ဒေါသ၊ ဒေါသဆိုတာ အနာဂါမ်မှ ပယ်နိုင်တာ၊ အနာဂါမ်မဟုတ်သေးတော့ ပေါ်တာပဲလို့ ယုံကြည်လိုက်. . . (မှန်ပ့ါ)ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အနာဂါမ်မဟုတ်သေးတော့. . . (ပေါ်တာပါပဲ ဘုရား) အဲဒါဘယ်သူ့သတ္တိပါလိမ့်. . . သဒ္ဓါသတ္တိနော်. . . (မှန်ပ့ါ) ယုံကြည်တယ်မဟုတ်လား. . . (မှန်ပ့ါ)။

မဂ်နဲ့မပယ်သေးတော့ ဘာတဲ့. . . (ပေါ်မှာပါပဲ ဘုရား) ဒါက ဘယ်သူ့သတ္တိတုံး. . . (သဒ္ဓါသတ္တိပါဘုရား)။

ဒါ ယုံကြည်တာပေါ့ မောင်နိုင်ရ. . . (မှန်ပ့ါ) ဩော်. . . မဂ်နဲ့မပယ်သေးတော့ ပေါ်ရမှာပဲ၊ ဒီတရားရှိရ မှာပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

**ပညာနဲ့ပေါင်းလိုက်ပါ ဖြစ်ပျက်ဖြစ်သွားတယ်**

အဲ. . . ဒါဖြင့် ပညာနဲ့ပေါင်းလိုက် မောင်နိုင်. . . ဘယ့်နှယ်တုံး. . . (အနိစ္စဖြစ်သွားတယ်) ဖြစ်ပျက် ဖြစ်သွားတယ်. . . သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့မဂ် သွားမကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)။

အဲ. . . ကိုက်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့ ဝိပဿနာမဂ်ဖြစ်သွားတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာမဂ်တဲ့. . . (ဝိပဿနာမဂ်ဖြစ်သွားပါတယ်ဘုရား)။

**သဒ္ဓါရိုးရိုးမဟုတ်တော့ဘူး**

ကဲ. . . ဒါဖြင့် ကျုပ်တို့က ဘယ်ဟာ လာလာ သဒ္ဓါ၊ ပညာဖြင့် လက်မလွှတ်ပါဘူး၊ ပေါင်းသင်းပါမယ်လို့ ဆိုလို့ ရှိရင် ဒီသဒ္ဓါဟာ သဒ္ဓိန္ဒြေသွားဖြစ်မယ်၊ သဒ္ဓါရိုးရိုးမဟုတ်တော့ဘူး. . . (မှန်ပါ့)။

**သဒ္ဓိန္ဒြေဆိုတာ အစိုးရတယ်**

လာတိုင်း ပေါင်းလို့ရှိရင် မောင်နိုင်-သဒ္ဓိန္ဒြေ. . .

(ဖြစ်ပါတယ်ဘုရား) သဒ္ဒိန္ဒြေဆိုတာ အစိုးရတယ်၊ ဒီပြင် တရားတွေပေါ်မှာ အကုန်အစိုးရတယ်. . . (မှန်ပါ့)။

ပညာကလဲ ဘာဖြစ်မယ်(ပညိန္ဒြေဖြစ်ပါတယ်) ပညိန္ဒြေဖြစ်မယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

## ပညာကပညိန္ဒြေဖြစ်တယ်

ဒါဖြင့် ကျပ်ကျပ်ရှုပေး။ လာသရွေ့ကို သူတို့နှစ်ခုနှင့်သာ ပေါင်း. . . (မှန်ပါ့) ပေါင်းလို့ ရင့်ကျက်လာတဲ့အခါ သဒ္ဓါကဘာဖြစ်သတုန်း. . . (သဒ္ဒိန္ဒြေဖြစ်ပါတယ်) ရှင်းပြီနော်. . . (ရှင်းပါပြီ) ပညာက. . . (ပညိန္ဒြေ ဖြစ်ပါတယ်ဘုရား)။

ကိုင်း. . . ဒီ့ထက်ရင့်တော့မယ် ခင်ဗျားတို့ လာတိုင်းရှု၊ လာတိုင်းရှု၊ ဒီ့ထက်ရင့်တော့မယ်ဆိုတော့ သဒ္ဓါကလဲ သဒ္ဓါ မဂ္ဂင်သွားဖြစ်တယ်၊ ဗောဓိပက္ခိယထဲသွားဝင်တာပဲ၊ (မှန်ပါ့) ပညာကလဲ ပညာ မဂ္ဂင်သွားဖြစ်တော့ အဲဒီမှာ အပါယ်လေးပါးတံခါးပိတ်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ပညာကပညာမဂ္ဂင်သွားဖြစ်တယ်။

ပညာကလဲ ပညာမဂ္ဂင် သွားဖြစ်တော့ ဘာတုံး-

(အပါယ်လေးပါး တံခါးပိတ်ပါတယ်ဘုရား)။

မင်္ဂစစ်သွားဖြစ်တယ် (မှန်ပါ့) မဂ္ဂင်ကျအောင် ကိုက်သွားတော့ မဂ်မစစ်သေးဘူးလား. . . (စစ်ပါတယ်) ဝိပဿနာမဂ်ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ပါတဲ့. . . သဒ္ဓါ-သဒ္ဓိန္ဒြေ-သဒ္ဓါဗိုလ်နော်. . . (မှန်ပါ့) သဒ္ဓါ မဂ္ဂင်၊ ရိပ်မိပလား. . . (မှန်ပါ့) မဂ္ဂင်ရှစ်ပါးသာဆိုတာ သူကလဲ ပါရသေးတယ် (မှန်ပါ့) မပါရင်မပြီးဘူး၊ သူက သဟဇာတအဖြစ်နဲ့ပါရတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## တော်တော်ရင့်လာတော့ သဒ္ဓါဗိုလ်

ဒါဖြင့် လုပ်စမှာ သဒ္ဓါလို့မှတ်ပါနော်. . . (မှန်ပါ့) နည်းနည်းကလေး ရှုပါများလာတော့ သဒ္ဓိန္ဒြေ၊ သဘောကျပလား(ကျပါပြီ) တော်တော်ရင့်လာတော့ သဒ္ဓါဗိုလ်သွားဖြစ်တယ် ရှင်းပလား. . . (ရှင်းပါပြီ) နောက် ဒီ့ထက်ရင့်လာတော့ သဒ္ဓါမဂ္ဂင်. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီကျတော့ လမ်းမဆုံးသေးဘူးလား. . . (ဆုံးပါပြီဘုရား) ဆုံးပြီဆိုတော့ အဲဒါ ခင်ဗျားတို့ ပြော်. . . ပထမရှုစတော့ သဒ္ဓါပဲလာမှာပဲ. . . (မှန်ပါ့) နောက်ကျတော့

ဘာဖြစ်လာမလဲ (သဒ္ဓိန္ဒြေဖြစ်လာပါမယ်ဘုရား)။

သဒ္ဓိန္ဒြေဆိုတော့ ဣန္ဒြေဆိုတော့ သူ အစိုးရလာပြီကွ. . . တဲ့. . . (မှန်ပါ့) ဒီပြင်တရားတွေကိုသူတော်တော်နိုင်လာပြီ (မှန်ပါ့). . . နောက်ကျတော့ သူဖြစ်လာပြီ. . . (မှန်ပါ့) မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ဗိုလ်ဆိုတော့ ခေါင်းဆောင်ဖြစ်လာတယ်

ဣန္ဒြေက အစိတ်အပိုင်းသာ ဆိုရတယ်၊ ဗိုလ်ဆိုတော့ ခေါင်းဆောင်ဖြစ်လာတယ်. . . (မှန်ပါ့)။

နောက်ကျတော့ ဘာဖြစ်မတုန်း၊ မဂ်ဖြစ်တယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား) ဗောဓိပက္ခိယ အသင်းအပင်း မဂ္ဂင်မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဖြစ်သွားတဲ့အခါကျတော့ ခင်ဗျားတို့ အပါယ်လေးပါးကျပါဦးမလား. . . (မကျပါဘုရား)။

မကျတော့ဘူးဆိုတော့ ဒါဖြင့် ဒီ့ဘယ်နှယ့်ကြောင့် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး မရသေးပါလိမ့်မတုန်းဆိုတော့ အို. . . သဒ္ဓါရိုးရိုးက ညံ့သေးတယ်ကွာ. . . (မှန်ပါ့) ဣန္ဒြေဖြစ်အောင်ပွားလိုက်ဦးမယ်ဆိုပြီး ပွားလိုက်ဦးပေါ့ဗျာ. . . (မှန်ပါ့)။

ဣန္ဒြေက ဗိုလ်ဖြစ်အောင် လုပ်လိုက်ဦးဆိုတော့ ကော. . . (ပွားလိုက်ဦး)။

ဗိုလ်ကမဂ္ဂင်ဖြစ်အောင် လုပ်လိုက်ဦးဆိုတော့ (ပွားလိုက်ဦးပါဘုရား)

## ပွားပါများရင် အစဉ်အတိုင်းတက်တယ်

ပွားပါများရင် အစဉ်အတိုင်း တက်တာပဲ. . . (မှန်ပါ) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ပွားပါများရင်. . . (အစဉ်အတိုင်း တက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲမှာ ဒကာဒကာမတွေ အားလုံးပဲ သတိပေးလိုက်ပါတယ်၊ ငါဘယ့်နှယ်ကြောင့် ဒုက္ခမချုပ်သေးပါလိမ့်မတုန်းဆိုတော့ ဩော်. . . သူတို့တက်စရာကျန်နေသေးလို့ (မှန်ပါ)။

ပညာကလဲ ရှေးဦးစွာ ပညာတစ်မျိုး၊ ပညိန္ဒြေတစ်မျိုး၊ ပညာဗိုလ်ကော. . . (တစ်မျိုးပါဘုရား) ပညာမဂ္ဂင် . . . (တစ်မျိုးပါဘုရား)။

ဒါဖြင့် သူလဲ တက်စရာ လေးဆင့်တက်. . . (မှန်ပါ)။

## ပညာရှိုးရှိုးက ဖြစ်ပျက်မြင်တယ်

ပညာရှိုးရှိုးက ဖြစ်ပျက်ပဲမြင်တယ်. . . (မှန်ပါ့) ပညိန္ဒြေဆိုတော့ ဒီပြင် တရားတွေကို ကန့်ကွက်ပြီး သူ့ချည့် သေသေချာချာမြင်အောင် လုပ်မယ်. . . (မှန်ပါ့) သဘော ကျပလား (ကျပါပြီ) ကိလေသာတွေ တွန်းလှန်နိုင်တဲ့ အခြေအနေပေါ့လေ. . . (မှန်ပါ့)။

ပညာဗိုလ်ဆိုတော့ အနားကိုမသီကြနဲ့ဟော့ ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ပညာမဂ္ဂင်ကျတော့အမြစ်ပါပြတ်ပြီ

ပညာမဂ္ဂင်ကျတော့ သူက မင်းတို့ကိုအမြစ်နဲ့တကွ ပြတ်ပြီဆိုတာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ကျုပ်တို့ ဘယ့်နှယ်ကြောင့် နိဗ္ဗာန် မရသေးပါလိမ့်မတုန်း၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကြီး မမြင်ရသေးပါ လိမ့်မတုံးဆိုတော့ ပညာရင်လဲနုလို့၊ ဣန္ဒြေမထိုက်သေးလို့ . . . (မှန်ပါ့ဘုရား)။

ဣန္ဒြေထိုက်ပြီး ဘာထိုက်ရလဲ (ဗိုလ်ထိုက်ရပါမယ်) ဗိုလ်ထိုက်ပြီး ဘာထိုက်ရမလဲ. . . (မဂ္ဂင်ထိုက်ရပါမယ်) အဲ. . . မဂ္ဂင်ထိုက်ရင်ပြီးတာပဲ. . . (မှန်ပါ့)။

**လုံ့လစွမ်းရည်ပေါ်မှာမူတည်တယ်**

ဒီလိုဆိုတော့ ကျုပ်တို့၏ လုံ့လပယောဂစွမ်းရည် အပေါ်မှာ အကုန်ရှိတော့တယ်ဆိုတာ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အခုရေတွင်းတူး အခု ရေသောက်ချင်လို့တော့ မြေထဲကတူးတာ မြေမှုန့်တွေရှိဦးမှာပဲ. . . (မှန်ပါ့)

**အခုချက်ချင်း ရေကြည်မရနိုင်ဘူး**

နည်းနည်းကြာကြာကလေး စောင့်ပြီးသကာလ ရေငြိမ်သွားတဲ့အခါကျတော့ တစ်နေ့ထက်တစ်နေ့ ရေကြည် လိမ့်မယ်ဆိုတာ ပြောစရာလိုသေးသလား. . . (မလိုပါ ဘုရား)။

ဒုတိယနေ့သွားကြည့်တဲ့အခါက နောက်ရိပ်ကလေး ရှိသေးတယ်။ တတိယနေ့သွားကြည့်တဲ့အခါ မနေ့ကထက် ကြည်လာပြီ၊ စတုတ္ထနေ့ သွားကြည့်တဲ့အခါကျတော့ဟာ . . . အကြည်တန်းကုန်ပြီဟော့. . . မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ အခု ရေတွင်းတူးလို့ အခု ရေကြည်တော့ မသောက်ရဘူး. . . ဒါကလေးတွေ ရင့်ရင့်-ရင့်ရင့်လာမှ . . . (မှန်ပါ့ဘုရား)။

## ဣန္ဒြေရင့်မှသောတာပန်တည်တယ်

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သွားတရားဟောမည်လို့ စိတ်ကူးလိုက်တဲ့အခါ ဣန္ဒြေတွေ ရင့်မရင့်ကြည့်တယ်. . . (မှန်ပါ့) ပညာပဲရှိသေးသလား ပညိန္ဒြေထိုက်ပလား၊ ဗိုလ်ထိုက်ပလား. . . မဂ္ဂင်ကျအောင်ထိုက်လုပလား. . . အဲဒါ သွားချိန်တာပဲ. . . (မှန်ပါ့) ဝေနေယျဗ္ဗာသယဆိုတာ ဒါပဲ. . . (မှန်ပါ့) သတ္တဝါတွေ ချိန်တယ်ဆိုတာ သဘောပါပလား. . . (ပါပါပြီဘုရား)။

အဲဒီလိုချိန်ပြီးသကာလ မဂ္ဂင်ထိုက်ကာနီးမှ သွားကူလိုက်တာပဲ (မှန်ပါ့) သွားလဲကူလိုက်ရော မောင်နိုင်သောတာပန်လဲတည်ရောဆိုကြပါစို့. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ကဲ. . . ယနေ့ဒီတွင် တော်ကြဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု